ရှမ်းထားထား

[ဆေးတက္ကသိုလ်]

# မိုးကဲ့သို့ထစ်ချုန်းသော



# အခန်း (၁)

ငါကမုန်းလေ.... နင်ကငြိုး လေ

နင်ကငြိုး လေ... ငါကပိုမုန်းလေနဲ့

အဲ့ဒီသံသရာဟာ ဘယ်တော့များ မှ

ပြီးဆုံးခြင်းသို့ ရောက်နိုင်ပါတော့မလဲ.......

ငါ့မှာ လွတ်လပ်စွာ မုန်းတီးပိုင်ခွင့် မရှိရတော့ဘူးလား

ဟင်.... ထစ်ချုန်း...။ နင့်ကို ငါ မုန်းလှပြီ.......။

မြယွန်းဘုံ"

*

"အရမ်းလှတယ်ကွာ.... အဲ့ဒါ ရက်(ပ်) အကလေ"

"မိုက်လိုက်တာနော်.. သိပ်မိုက်တာပဲ... ကျွတ်...."

`ဟိုဘက်က နှစ် ယောက် သား ကတော့.... မျက်လုံးတွေ ကျွတ်ကျတော့မလောက်... ပြူး တူးပြူး စိမ့်လျက်.... အသည်းတယားယား ..... နှလုံးတခိုက်ခိုက် သဘောကျနေကြသလို ဆွေ့ဆွေ့တောင် ခုန်နေသည်။ "ဘုံ" ကတော့.. တစ်ဘက်က ခြံထဲမှာ ..... ခုန်ပေါက် မြူး ထူးနေသော ... ကြောင်ကြောင် ကျားကျား သရုပ်ပျက် အဝတ်အစားတွေ နှင့် .... ရက်(ပ်)အက ကနေသူတွေ ကို ကြည့်ပြီး.... ခေါင်းတောင် ကိုက်လာရတော့၏ ။

ထူဆန်းလိုက်တာ... ဘာများ သဘောကျ အသည်းခိုက်စရာ ရှိသလဲ။ ကက်ဆက်က သီချင်းသံကလည်း... ဘုံကြားဖူးနေကြ.. သံစဉ် နှပျောင်း ငြိမ့်ညောင်းလေး

မဟုတ်ဘဲ စကား ပြောနေသလို ရွှတ်နေတာ ဖြစ်ပြီး.. တီးလုံးတွေ ကလည်း တစ်မျိုး ပါပဲ.....။

ကနေတဲ့သူတွေ ကတော့..... လေးယောက် သား တညီတညာတည်း ခုန်ပေါက် ကခုန်လျက် ..... တစ်ခါတစ်ရံ ... ဂျွမ်းတောင်ပစ်လိုက်သေးသည်။ ဒါများ သဘောကျစရာလား......။

ဘုံ ရှုံ့မဲ့မဲ့ကလေး ဖြစ်လာရလျက်... အသက်ကို ခပ်ပြင်းပြင်း တစ်ချက် ရှူကာ... ဝရန်တာမှ ထွက်ရပ်ကြည့်နေရခြင်းအပေါ် ရက်စိမ့်စိမ့် ဖြစ်လာရသည်။ ယောက်ျားလေးတွေ ကခုန်နေတာကို မိန်းကလေးတွေ က.... တစ်ဖက်ခြံ ဝရန်တာမှ စောင့်စား ကြည့်ရှုရသတဲ့.....။

အမှန်က ဒီမြင်ကွင်းကို ဘုံ မျှော်လင့်ခဲ့သည် မဟုတ်။ ငွေစင်နဲ့ စိမ့်စိမ့် လာတော့ ... ဝရန်တာ ထွက်ရပ်ရအောင်ဆိုတဲ့ အကြံကို.... ဘုံ ကပဲ အမှတ်တမဲ့ ပေးလိုက် ခဲ့မိတာ ဖြစ်သည်။

“ဘုံ.... နင်နဲ့ သိလား ဟင်... ငါတို့နဲ့ မိတ်ဆက်ပေးစမ်းပါ.....”

“ဘယ်ကလာ.... မသိဘူး..... ဒီလောက် သရုပ်ပျက်သရာပျက်မျိုးတွေ များ ... နင်တို့မို့လို့ပဲ ခင်ချင်ကြတယ်... ငါ ကတော့.. အဲ့ဒီလို ပုံစံကြီးတွေ နဲ့ အိမ်ချင်း ကပ်နေတာတောင် ရက်လှပြီ...

“သူတို့အကြောင်းတော့ နင် သိမှာ ပေါ့ ဘုံရာ.... လျှို့မထားစမ်းပါနဲ့... ဟိုသံမှု တွေ လို ကြယ်သီးတွေ ကပ်ထားတဲ့ လယ်သာဂျာကင် အနက်နဲ့ ဘောင်းဘီ အနက်စင်းကျားနဲ့ ကောင်လေး မိုက်တယ်တွေ့လား....”

ငွေစင့်ကို.... ဘုံ မျက်မှောင်ကြုတ် ကြည့်လိုက်ပြီး စိတ်မရှည်လှစွာ ဖြင့် .....

“ငါ မသိဘူး ဆိုနေမှပဲ.... ငါတို့ ပြောင်းလာတာမှ မကြာသေးတာ....”

အော်လိုက်ပြီး... ဘုံ အိမ်ထဲ ပြန်ဝင်လာခဲ့သည်။ စိမ့်စိမ့်နှင့် ငွေစင်ပါ လိုက်လာကြပြီး....

“ဘုံတို့ အိမ်ကလေးက ချစ်စရာလေးနော်.... ဒီလို... တစ်ထပ်အိမ် ပုပုလေး....

ဝရန်တာ.... နိမ့်နိမ့်လေးနဲ့... ခြံစည်းရိုးကလည်း ခါးသာသာလောက်လေးရှိတဲ့ ပုံစံလေးကို.... ငါ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်....”

ဘုံ့ အိမ်ကို သဘောကျဟန်ဖြင့် ချီးကျူး နေကြလေသည်။ စိမ့်စိမ့်က ဘုံ့ အခန်းမှ ပြတင်းပေါက် တံခါးလေးကို ဆွဲတင်လိုက်သည်။ သမားရိုးကျဖွင့်ရတဲ့ တံခါးရွက်မျိုး မဟုတ်ဘဲ..... အပေါ်ကို တွန်းတင်ရုံ... အောက်ကို ဆွဲချရုံ ဖွင့်ပိတ်ရတဲ့.. ချစ်စရာ တံခါးလေးကို.... ဘုံလည်း သဘောကျနှစ် ခြိုက်မိလေသည်။

“နင်တို့ အိမ်လေးက... စိတ်ကူးဆန်းဆန်းကလေးနဲ့ .... ဆောက်ထားတဲ့ ကစားစရာ အိမ်ကလေးကျနေတာပဲနော်... နင့် ဖေဖေတော် တယ်....”

“ဒါပေမဲ့ သူခိုး ဓားပြတွေ အလွယ်တကူ ဝင်နိုင်တာကျတော့ မပြောတော့ဘူးလား..... ဘုံ့ အခန်းဆို..... အပြင်ကနေ ဟောဒီ တံခါးရွက်ကလေး ဆွဲမလိုက်ရင် ... ဝင်လာလို့ရပြီ.... အိမ်ကလေးက နိမ့်နိမ့်လေးရယ်....”

စိမ့်နှင့် ငွေစင်က..... တစ်မျိုး စီ ဝေဖန် မှတ်ချက်ပေးနေကြသည်။ ဘုံက ဂုဏ်ယူ ကျေနပ်သော အပြုံး လေးနှင့် ငြိမ်ငြိမ်လေး နားထောင်နေသည်။ ဖေဖေနဲ့ မေမေဟာ သူတို့ရဲ့ တစ်ဦးတည်းသော သမီးလေးအတွက် ... အမြဲတမ်း အဆန်းအပြားကလေးတွေ လုပ်ပေးနေကြလေ.....။ ဖေဖေ ကတော့... သူ့ရဲ့ ကန်ထရိုက် သက်တမ်း တစ်လျှောက်မှာ .... စိတ်တိုင်းအကျဆုံးနဲ့... စိတ်ကူး အဆန်းဆုံး ထွင်ကာ.... ဒီခြံ ကျဉ်းကျဉ်းကလေးနှင့် အိမ် လှလှကလေးကို... ဆောက်ပေးခဲ့တာ ဖြစ်သည်။

ဟိုဘက် ခြံကြီးထဲက အိမ်အကြီးကြီးနှင့် နှိုင်းစာလျှင်.... ဘုံတို့ အိမ်ကလေးက.. တကယ့်ကို ပိစိကွေးလေး.... ။သို့ သော် .. ခြံရှေ့က ဖြတ်သွားသူတိုင်း.. ဘုံတို့ အိမ်ကလေးကို ... သမင်လည်ပြန် လှည့်မကြည့်ဘဲ နေနိုင်သူရယ်လို့ မရှိ....။ လှလိုက်တာ... ချစ်စရာလေး.. ဘယ်လိုလေးမှန်း မသိဘူး... စသည်ဖြင့် ... အာမေဍိတ် တစ်ခုခုတော့.. အနည်းဆုံး တလိုက်ရသူချည်း...။ ဒီလို ဖြစ်အောင်လုပ်ထားသော ဖေဖေကလည်း ဒီသတင်းတွေ အတွက် ဂုဏ်ယူ ကျေနပ်မဆုံး။

ဖေဖေ့မိတ်ဆွေ ရုပ်ရှင်ကုမ္ပဏီတချို့ ကတောင်.. ဖေဖေ့အိမ်ကလေးကို.. ရုပ်ရှင်ထဲ ထည့်ရိုက်ဖို့ အထိ စိတ်ဝင်တစား ကမ်းလှမ်းခြင်းခံရတဲ့ အိမ်ကလေး..။

"ဟယ်... ကက်ဆက်သံကလဲ အရမ်း ကျယ်တာပဲနော်.. ခြံထဲမှာ များ ထွက်ကနေရတယ်လို့ မရှက်ဘူးလားမသိဘူး....."

"ကဲပါ အဲ့ဒီဟာကြီးတွေ အကြောင်း မပါရင် မပြောတတ်တော့ဘူးလား မိစိမ့်ရယ်..... လာ...ထမင်းစားခန်းထဲသွားပြီး လက်ဖက်သုတ်ရအောင်.... စားမယ်ဆို...."

"စားမှာ ပေါ့... စားမှာ ပေါ့... "

စနေ တနင်္ဂနွေဆို.... ဖေဖေက ထုံးစံအတိုင်း သူ ဆောက်လုပ်နေတဲ့ တိုက်တွေ လိုက်ကြည့်ရာကို မေမေပါ လိုက်သွားတတ်တာမို့.... အိမ်မှာ ဘုံ တစ်ယောက် ပဲ ရှိတတ်သည်။ ဘုံ ကျောင်းဖွင့်ရက်တွေ ဆိုရင်လည်း အိမ်ကို သော့ ခတ်သွားရမြဲ။ မေမေက အလယ်တန်းပြ ဆရာမ လေ..... "

ဘုံက လက်ဖက် သုပ်ရင်း....

"ဟဲ့... နင်တို့တွေ ငါ့အခန်းက တံခါးကိစ္စကို ဘယ်သူ့ကိုမှ လျှောက်မပြောပြနဲ့နော်... အဲ့ဒါ... လို့ ဂုက်ချက်ဟဲ့၊ အဲ့ဒီ တံခါးမျိုး ငါ ကြိုက်လွန်းလို့သာ ဖေဖေက လုပ်ပေးတာ.. အိမ် အလုံခြုံဘူးတဲ့"

"အိမ်ဆောက်တဲ့ လူတွေ ကတော့ သိမှာ ပေါ့ဟာ.... ဘာ ဖြစ်လဲ....."

"မသိဘူး... အဲဒီ တံခါးကို ဖေဖေ ကိုယ်တိုင် တပ်ပေးတာ... ဘယ်သူမှ မသိဘူး..."

"ဩော်..... ဩော်...."

စိမ့်က လက်ဖက်သုပ် စားရင်း... မျက်လုံးက ပြတင်းပေါက်ကတဆင့် ဟိုဘက်ခြံကို ရောက်သွားပြန်သည်။

"သူတို့ ကြည့်ရတာ သိပ်ချမ်းသာမယ့် ပုံပဲနော်.... လူ့ မလိုင်တွေ ... လူ့ မလိုင်တွေ
"

"ငါတော့ အဲ့ဒီလောက် မချမ်းသာချင်ပေါင်..... ဟိတ် ဘုံ ... စကော့ဈေး သွားရအောင်... အသုပ်လေး ဘာလေး သွားစားချင်တယ်... ဈေးတော့ မဝယ်သေးပါဘူး... ဟိုကြည့် ဒီကြည့်ပေါ့.."

"ဒါဆို .... နေဦး..."

ဘုံက အခန်းထဲပြန်ဝင်လာကာ မှန်ထဲ တစ်ချက်လှမ်းကြည့်.... ပိုက်ဆံအိတ်ကလေး ဆွဲကာ ထွက်လာတော့.....

"ဟင်...... ဘာမှလဲ ပုံပြောင်း မလာပါလား... ဒီ အဝတ်အစားကြီးနဲ့...."

"ဟဲ့.... ဘာ ဖြစ်လို့လဲ..."

ဘုံက ကိုယ့်အင်္ကျီ လုံချည်တွေ ပြန်ကြည့်လိုက်သည်။ ဘုံရဲ့ ဝတ်စုံတွေ ဟာ တစ်မျိုး တည်းပဲ.....ဘယ်တော့ ကြည့်ကြည့် ခါးတိုလက်ပြတ်ရယ်... လုံချည်ပြောင်ရယ်....။ အင်မတန်ရိုးစင်းပြီး... ခပ်တုံးတုံး ဝတ်စားဆင်ယင်မှု လေ...။ ဆံပင်တွေ ကတော့ အထူးခြားဆုံးလို့ ပြောစမှတ် ပြုနိုင်လောက်တဲ့အထိ ရှည်လျားနက်မှော င် ချောမွတ် ပြောင်လက်နေသော ပိုးသား ဆန်ဆန် အိထွေးထွေးများ ....။ ဘေးခွဲထားပုံက.... ရိုးစင်းလှကာ.... ဘုံ့ရဲ့ မျက်နှာတစ်ခြမ်းကို အမြဲတမ်း ကပိုကရို ဖုံးကွယ်အုပ်ဆိုင်း ဝဲဆင်းနေလျှက်....။ ဘာမှ ပရိယာယ်မပါ။ ဘယ်အချိန် လှမ်းကြည့်လိုက်မလဲ... အဲ့ဒီပုံစံလေးက မယိုယွင်းစွာ ....။

"စိမ့်ရယ်..... နင်ဟာ အတော့်ကို အထူးအဆန်းလုပ်တယ်... ဘုံ့ကို ဒီပုံကလွဲပြီး ဘယ်ပုံစံနဲ့ နင်မြင်ဘူးလို့တုန်း...."

"ဩော်... အိမ်နေရင်း အဝတ် အစားလေးတော့ လဲမယ် မှတ်လား... ဟီဟိ..."

စိမ့်ကာထဘီကို အချိုး တကျပြန်ပြင်ဝတ်ရင်း ရယ်ကျဲကျဲဖြင့် ဆိုသည်။ ဘုံက...

"ဟဲ့.. ဒါအိမ်နေရင်း အဝတ်အစားမှ မဟုတ်တာ.... နင်တို့ လာမယ်လို့ ဖုန်းဆက်ကတည်းက ငါ အင်္ကျီ လုံချည် လဲထားပြီးသား...."

"ဒီလိုလား၊ သဘောပေါက်ပြီ.... ပေါက်ပြီ.... "

စိမ့်နှင့် ငွေစင်က ရယ်မောသွက်လက်စွာ ဝရန်တာဘက် ပြေးထွက်ကာ ဟိုဘက်ခြံထဲမှ ရက်(ပ်)အကကို ထပ်ကြည့်ဖို့ ကြံစည်သည်။ ဘုံက တံခါးကို အသေအချာ သော့ ခတ်ပြီး ပိုက်ဆံ အိတ်ထဲ ထည့်သည်။ သော့ က ဖေဖေ တစ်ချောင်း.. မေမေတစ်ချောင်း..... ဘုံတစ်ချောင်း...။

"ကဲ... လာ သွားကြစို့..."

"ဟိုမှာ ...ဟိုမှာ "

စိမ့်က အလန့်တကြား ရေရွတ်လိုက်တာမို့ ဘုံက ဘာလဲ.... ဟု ပြန်မေးကာ စိမ့် ကြည့်ရာသို့ လှမ်းကြည့်လိုက်သည်။ ဟော.... သရုပ်ပျက်တွေ ဆော့စရာရှားလို့ကြံကြံဖန်ဖန်ဖြင့် ဘုံတို့ ခြံစည်းရိုး နိမ့်နိမ့်ကလေးကို ထပ်တလဲလဲ ခုန်ချည်လွှားချည် လုပ်နေကြကာ ရယ်မောနေကြလေသည်။ တကယ့်ကို ဗရုတ်သုတ်ခတွေ ...။

"ဟေ့.... ငါမှတ်မိပြီကွ... အဲ့ဒါ ငါတို့ ကျောင်းထဲကပဲ.... ချွန်းလေ ... ချွန်း.... ရက်(ပ်)အက အရမ်းတော် လို့.... နာမည် ကြီးနေတဲ့ ထစ်ချွန်း....."

"အမလေး... ထစ်ချွန်း.... ဟုတ်လား... ဘယ်လို နာမည် ကြီးလဲ......"

ဘုံ ဒေါသထွက်ထွက်ဖြင့် မဲ့ရွဲ့ ကဲ့ရဲ့ ပစ်လိုက်သည်။ ကြည့်စမ်း.... ဒူးကိုကွေးပြီး.. ခုန်ကျော်သွားပြန်ပြီ။ ဒါ.... ခုန်စရာလား...အရူးအနှမ်းတွေ ....။

"ဟုတ်တာပေါ့.... သေချာတာပေါ့.... ဟို ကားအနက်ကြီးကို ငါ ခုမှ တွေ့ တာပါလား.... အဲ့ဒီကားကို ခပ်ကြမ်းကြမ်း မောင်းပြီး.... ကျောင်းထဲမှာ .... ဝင်လိုက်ထွက်လိုက်နဲ့.... မျက်စိနောက်လောက်အောင် လမ်းသလားတတ်တဲ့ ချွန်းနဲ့ အပေါင်းပါတွေ လေ.... ခုနက သိပ်မသဲကွဲဘူး.... ခြံစည်းရိုးနား ကပ်လာမှ ရုပ်ဖမ်းမိတော့တာ.... "

"သိ.... သိနိုင်ရန်ကော .... မိစိမ့်ရယ်.... ကဲ.... အဲ့ဒါ ဘယ်လိုလုပ်ကြမလဲ.... ငါတို့

ခြံစည်းရိုးလေးတွေ ကို.... သူတို့ ခုန်စရာ ပေါက်စရာ ကျနေတာပဲ.... ”

“သွားတော့ ရန်မ ဖြစ်နဲ့နော်.... အဲ့ဒီ ချွန်းက သိပ်ကလဲ့စားချေတတ်တာတဲ့.... သူ မကြည်လင်တဲ့လူဆိုရင် ကောင်းကောင်း ဒုက္ခပေးရော.... အရမ်းကြောက်ဖို့ ကောင်းတာတဲ့.... သူတို့ တစ်ဖွဲ့လုံး.... ”

“ကြောက်စရာလား.... ဘာလို့ ကြောက်ရမှာ လဲ... ငါနဲ့ တွေ့မယ်... ချွန်း ဆိုတာတွေ ဘာတွေ မသိဘူး.... ”

ဘုံ.... ခြံရှေ့သို့ .... ဒေါသတကြီး ရောက်သွား လေသည်။ ဒီလောက် ခြံကျဉ်းကလေးကို.... ခုန်ပြီး ဝင်လိုက်.... ထွက်လိုက် ကျော်လွှားနေတာ.... အိမ်ရှင်တွေ ကိုတော့ အားနာဖို့ကောင်းရမှာ ပေါ့....။ အလိုက်ကန်းဆိုးလည်း မသိ.... ဗရုတ်ဗရက်နှင့် .... ရှုစိစိ ကြဲဖန်ဆော့နေတာကို.... ဘုံ.... သည်းမခံနိုင်....။

“ဟိတ်.... ရပ်လိုက်စမ်း.... ဒါ ဘာလုပ်နေတာလဲ”

ခါးနှစ် ဘက်ထောက်ကာ.... ကုန်းအော်ထည့်လိုက်မှ.... ရပ်တန့်သွားလျက်.... ခြံထဲ ကျော်ဝင်လာကြသည်။ အားလုံး.... ပြုံး စိစိ.... အပိုး မကျိုး သော မျက်နှာပိုးတွေ က တလေလေကြမ်းပိုးဆန်လှသည်မို့.... ဘုံ အော့နှလုံးနာဟန်ဖြင့် .... ရင်ဘတ်ကို တစ်ချက်ဖိကာ.... ဝေါ့ခနဲ အသံ လုပ်ပြလိုက်သည်။ လယ်သာဂျာကင် အနက်ဖြင့် လူက.... ဘုံ့ကိုစိုက်ကြည့်ကာ.... ပခုံးတွန့်လျက်.... မြောက်ကြွကြွ ဟန်ပန်ဖြင့် ....

“ဘာတုံး ကလေးမ.... ”

ဟု ပြောလိုက်တာကို.... သူ့လူတွေ က ဝါးခနဲ ရယ်ချလိုက်သည်။

“အရူးတွေ .... မှင်စာ သရဲ သဘက်တွေ .... ”

ထိုသူက.... ကြွစောင်းစောင်းဟန် ပိုထင်ရှားသွားအောင် နားသယ်စပ်မှာ .... ပြီးတော့ နောက်စေ့ ဘက်မှာ .... ဆံပင်တွေ ကို.... အတုံးအကွက် ပုံစံဖော် ရိပ်ထားသော မရှိမဲ့ ရှိမဲ့ ဆံပင်ပြောင်ပြောင်တွေ ကိုတစ်ချက်သပ်ပြီး.... ဦးထုပ်ကက်(ပ်)ကို.... ဘေးတစောင်း

ဆွဲချလိုက်လေသည်။

“မိန်းကလေးပီပီ.... ငြိမ်ငြိမ်နေစမ်း.... လာရန်မစနဲ့.... ”

“ရန်စတော့ ဘာလုပ်မလဲ.... နင်တို့ကလည်း.... ငါ့ခြံစည်းရိုးကို.... ကျော်လွှား ခုန်ပေါက်နေသေးတယ်.... နင်တို့ကပဲ ပြောရတယ်ရှိသေး.... ဘယ်လို ပေါက်လွှတ်ပဲစားတွေမှန်း မသိဘူး.... ကလေကချေ.... ကြမ်းပိုးသူခိုး”

“တိတ်စမ်း.... နင့် ခြံစည်းရိုး ပဲ့ပါသွားလို့လား.... ”

“ပါပါ မပါပါ.... နင်တို့ ခုန်ပေါက်ဖို့.... ငါတို့ခြံစည်းရိုး နိမ့်ထားတာမဟုတ်ဘူး.... သရုပ်ပျက်ရဲ့ .... ”

“ဟာကွာ.... မိန်းကလေးမို့နော်.... တောက်”

သူက.... ဘုံ့ ခြံစည်းရိုးလေးကို.... ခြေဖြင့် ကန်ပစ်လိုက်တာမို့.... ဘုံ အသည်းဆတ်ဆတ် တုန်သွားရသည်။

“နင်.... အင်မတန် ရိုင်းပါလား.... မှင်စာရဲ့ .... နင့် မိဘတွေ က ဒီလိုပဲ သွန်သင်ထားသလား....”

“ငါ့ မိဘတွေ ကို မထိနဲ့နော်.... ပြန်တောင်းပန်စမ်း.... ”

“သေလိုက်.... လဲသေလိုက်.... ”

“တောင်းပန်စမ်း.... ”

သူ့ရဲ့ ဟောက်ဟိန်းလိုက်သံကြောင့် ဘုံ.... အရမ်းကို ခါးသီးမှု နှိမ်မိုက်သွားကာ....

“နင် ထွက်သွားစမ်း.... နင့်လို တန်ဖိုး မရှိတဲ့ကောင်မျိုး ကို.... ငါ သေတောင် မတောင်းပန်ဘူး.... ”

“အေး.... ကောင်းပြီ.... နင် မတောင်းပန်ဘူးနော်.... ငါ့အကြောင်း နင်ကောင်းကောင်း သိစေရမယ်.... ”

သူက.... ဘုံ့ကို ကြိမ်းမောင်းသွားကာ.... ဆောင့်ကြွားကြွား မြောက်ကြွကြွဖြင့် သူ့သူငယ်ချင်းတွေ ကို ပခုံးဖက်ကာ ထွက်ခွာသွားသည်။ ခြေလှမ်း ငါးလှမ်းမျှမပြည့်ခင်မှာ .... ပြန်လှည့်ပြီး....

"ဒီမှာ ကြည့်စမ်း.... ငါ့နာမည် ထစ်ချုန်း.... နင် ဘယ်တော့မှ မမေ့မယ့် ထစ်ချုန်း.... "

"အေး.... အဲဒါ.... ငရဲမှာ ချိုး ကပ်မယ့် နာမည် .... "

ဘုံကလည်း ထီမထင်သော မျက်နှာပေးဖြင့် ခပ်ဆတ်ဆတ် ပြန်ပြောပစ်လိုက်သည်။

ဘုံ လုံးဝ မျှော်လင့်မထားပဲ.... ပြဿ နာတစ်ခုကို.... ဘုံ လက်ယပ်ခေါ်လိုက်ပြီ ဖြစ်သည်။ သို့သော် .... ဘုံ.... သူ့ကိုဂရုမစိုက်....။ ခါးခါးသီးသီး မုန်းသွားတာပဲ.... ဘုံ သိသည်။

စိမ့်တို့ကို.... ဘုံအနား ရောက်လာကြကာ.... စိုးထိတ် ပူပန်သော မျက်နှာမျိုး ဖြင့် ....

"ဘုံရယ်.... နင် သူ့ကို ဘာ ဖြစ်လို့ ဒီလောက်.... နစ်နစ်နာနာ ပြောလိုက်ရတာလဲ.... သူ မှတ်ထားလိုက်မယ်.... သူ နင့်ကို ကလဲ့စားချေလိမ့်မယ် ဘုံရဲ့ .... "

"ခေါက်ထားလိုက်စမ်းပါ စိမ့်ရယ်.... ဒင်းက မုန်းစရာကောင်းလွန်းလို့.... ဒီထက်ပိုနစ်နာစေတဲ့ စကားလုံးနဲ့ ပြောရမှာ .... ပါးစပ်ထဲ ရှာမတွေ့လို့.... "

"ထစ်ချုန်းအကြောင်း.... ငါ့ အစ်ကို ကောင်းကောင်းသိတယ် ဘုံ.... ငါ မေးကြည့်ပေးမယ်.... နင် သိထားရအောင်လို့.... "

"မလုပ်ပါဘူး.... မေ့လိုက်ပါ စိမ့်ရာ.... လာ.... လာ.... သွားကြမယ်.... "

ဘုံက မေ့မေ့ ပျောက်ပျောက်ဖြင့် ပြောကာ.... စိမ့်နှင့် ငွေစင့်လက်ကို ဆွဲလျှက်.... ခြံစည်းရိုးလေးကို ပြန်ပိတ်လိုက်သည်။

"မြယွန်းဘုံ"

သူတို့ သုံးယောက် သား ကဲန်းတင်းထဲအဝင်မှာ .... သံပြိုင်အော်လိုက်သော အသံကျယ်ကြီး ထွက်ပေါ်လာတာမို့.... ဘုံ ကြောင်အမ်းအမ်း ဖြစ်သွားကာ.... ကဲန်တင်းထဲ ဟိုဟိုဒီဒီဝေ့ဝဲ ရှာဖွေလိုက်တော့.... အမလေး.... သရုပ်ပျက်တွေ ....။ ဘုံ့မျက်နှာ.... ထူအမ်း ရှက်ရွံ့သွားရပြီး.... သူတို့ကို ဘယ်လိုတုံ့ပြန်ရမှန်း မသိလောက်အောင်.... ထူပူသွားရသည်။

"ကဲ.... ငါမပြောလား.... ချွန်းတို့အဖွဲ့ နင့်ကို ကလဲ့စား ပြန်ချေနေပြီ.... "

စိမ့်က.... ခပ်ဖြုံ့ဖြုံ့အသံဖြင့် တွန့်ဆုတ်ဆုတ်ပြောလိုက်သည်။ ဘုံ.... ထောင်းခနဲ ဖြစ်သွားကာ....

"ဒါ.... ဂရုစိုက်စရာလား.... အော်ပစေ.... သူတို့အရှက်မရှိလို့ အော်တာ.... ကိုယ့်ဘာသာ စားစရာရှိတာစားမယ်.... "

ပြောပြောဆိုဆို.... ဘုံက ခုံတစ်ခု ဆွဲကာ ဝင်ထိုင်လိုက်သည်။ လူတချို့.... ဘုံတို့ စားပွဲဘက် ကွက်ကြည့်ကြည့်လုပ်နေကြပြီ....။ ဘုံ နှုတ်ခမ်း တင်းတင်းကိုက်ကာ.... သူတို့ဘက် ဆတ်ခနဲ လှမ်းကြည့်လိုက်သည့်တိုင်.... "မြယွန်းဘုံ" ဆိုတဲ့ ဘုံ့အမည် ကို ထပ်တလဲလဲ အော်လို့ မပြီးနိုင်သေး။

"ဟော့ကောင်တွေ .... ခြံစည်းရိုးစောင့်တစ္ဆေကို ကြည့်မလား.... ဟိုမှာ .... ဟိုမှာ .... ဆံပင်တစ်ခြမ်း ကွယ်နေတဲ့.... အင်္ကျီလက်ပြတ်နဲ့ဟာ.... "

ထစ်ချွန်းက.... မတ်တတ်ရပ်ကာ.... ဘုံတို့ဘက် လက်ညှိုး ညွှန်ပြီး.... ခပ်ကျယ်ကျယ် ပြောလိုက်တာကို.... သူ့ အဖွဲ့က.... တစ်ပြိုင်တည်း ဝါးခနဲ ရယ်မောလိုက်ကြသည်။ ကဲန်းတင်းထဲမှာ .... သိပ်ကို ရုပ်ပျက် ဆင်းပျက် ဖြစ်ကုန်ပြီ....။

ဘုံ.... မျက်ရည်တွေ ဝဲလာတ...ဲ့အထိ.... ဒေါသ တဆတ်ဆတ် ထွက်လာရကာ.... သူ့ကို စားတော့ဝါးတော့မလို.... စူးစူးရဲရဲ ထပ်ကြည့်လိုက်သည်။ ဒီတစ်ခါတော့.... သူက.... မျက်ခုံးကို ပင့်ကာ....

"ဘာရှာလဲ.... ဘာရှာလဲ.... "

"ဖယ်ဟာ.... သွားကို သွားမယ်.... သိပ် လုပါးဝနေပြီ.... မှင်စာတွေ .... "

"ဘုံနော်.... လူတွေ နဲ့ဟ.... တော် တော့.... လာ.... လာ.... ပြန်မယ်"

"စိမ့်က.... ဘုံ့ကို အတင်းဆွဲကာ.... ကဲန်းတင်း အပြင်သို့ ခေါ်ထုတ်လာသည်။

"မဆွဲနဲ့ ကွယ်.... မဆွဲနဲ့.... လာပါစေ.... ဒီလောက်လာချင်နေတာ.... လာပါစေ.... "

သူတို့ထံမှ.... ရောင့် တက်သော အသံ တစ်သံ ထွက်လာတာမို့.... ဘုံ.... စိမ့်လက်ထဲက ဆောင့်ရုန်းကာ.... ဖြုတ်ခနဲပင်.... သူတို့ဝိုင်းနား ရောက်သွားရသည်....။ စားပွဲနားရောက်တာနှင့် .... ဘုံ ဘာမှ မစဉ်းစားနေတော့ဘဲ.... စားပွဲပေါ်က.... ရေနွေးခွက်ထဲမှ ရေနွေးတွေ နှင့် .... သူ့မျက်နှာတည့်တည့်ကို.... ပက်ချလိုက်တော့၏ ။ ကဲ မှတ်ထား....။

သူတို့ တစ်ဖွဲ့လုံး.... ထင်မှတ်မထားသော .... ဘုံရဲ့ တိုက်ကွက်ကြောင့် .... မှင်တက်တေကြစဉ်မှာ ပဲ....ဘုံ ဘာမှမပြောပဲ.... နှုတ်ခမ်းကို တစ်ချက်မဲ့ကာ.... ပြန်လှည့်ထွက်လာခဲ့သည်။

သူတို့ ဘာ ဖြစ်ကျန်ခဲ့တယ်ဆိုတာ.... ဘုံလုံးဝစိတ်မဝင်စားပါ။ ဘုံ့စိတ်ထဲမှာ .... စော်ကားမှု ကို လက်တုံ့ပြန်လိုက်ရသဖြင့် .... ကျေနပ်မြူး ဖျနေတော့သည်။

"ဘုံ.... နင်မှာ းတယ်.... ချွန်းကို ကိုယ်ထိ လက်ရောက် သွားလုက်လိုက်တာ နင်မှာ းတယ်.... "

စိမ့်က.... နောင်တ အကြီးအကျယ်ရနေသော မျက်နှာမျိုး ဖြင့် တုန်တုန်လှုပ်လှုပ် ပြောလိုက်သည်။

"ငါ ဘာ ဖြစ်လို့ မှာ းရမှာ လဲ.... မမှာ းဘူးကွာ.... "ငွေစင်ကလည်း....

"ငါ.... ချွန်းကိုလှမ်းကြည့်လိုက်တော့ သူ့ မျက်နှာက မှရဲနေတာဘဲ ဘုံ.... အရမ်းဒေါသထွက်နေတဲ့ပုံ သူ့ သူငယ်ချင်းတွေ ဝိုင်းဆွဲထားလို့.... နင့် နောက်ကိုလိုက်မလာတာ.... ငါဖြင့် ကြောက်လိုက်တာ အလွန်ပဲ.... "

"ကြောက်စရာ မလိုပါဘူး.... ကိုယ်မှန်တာ ကိုယ်လုပ်တာပဲ.... ငါတော့

ကျေနပ်တယ်.... ”

“ဟဲ့.... ပြဿ နာက ဒီမှာ တင် ပြီးသွားလိမ့်မယ်လို့ နင် ထင်နေသလား ဘုံ.... ချ န်းက သိပ်အငြိုး ကြီးတာ.... နင် မယုံဘူးနော်.... သူက နင့်ကို ကလဲ့စားချေမှာ ကို စိုးလို့.... ငါ ဒီလောက်ပြောနေတာ....”

“ချေစမ်းပါစေ.... သူကပဲ ချေနိုင်မလား.... ငါကပဲ ခေပြမလား.... နင် စောင့်ကြည့်နေပေါ့ စိမ့်ရဲ့ .... ”

ဘုံတို့ အတန်းထဲဝင်လာခဲ့ကြသည်။ ဆရာမ ဝင်သေးခင်.... ဘုံက.... မမီသော လက်ချာတွေ ပြန်ကူးနေဆဲ....

“ဘုံ.... နင့်ကို.... ငါ့အစ်ကို ပြောပြတဲ့ ဇတ်လမ်းတစ်ပုဒ် ပြောပြမယ်.... နင် နားထောင်ကြည့်.... ”

“ဘာလဲ.... ထစ်ချွန်း ဇာတ်လမ်းလား.... နားမထောင်ချင်ဘူးဟာ.... ”

“နင် သိထားသင့်တယ် ဘုံ.... ချွန်းမှာ အရင်က ရည်းစား တစ်ယောက် ရှိတယ်ဟာ.... စန္ဒာမြင့်တဲ့.... ငါ့ အစ်ကိုနဲ့ စန္ဒာမြင့်နဲ့က အရမ်းခင်တာ.... အဲဒါဟယ်.... ချွန်းနဲ့ သူ တစ်နေ့ စကားများ ကြတယ် တဲ့.... ချွန်း မကြာခဏ ကလဲ့စား ပြန်ချေတတ်တဲ့အကျင့်ကို ထောက်ပြရင်း ကနေ .... ဖြစ်ကြတာတဲ့.... အဲ့ဒီလိုရန် ဖြစ်ရင်းက.... စန္ဒာမြင့်က ဒေါသထွက်ထွက်နဲ့.... ချွန်းရဲ့ မျက်နှာကို လက်သည်းနဲ့ ကုတ်ခြစ်မိလိုက်တယ် တဲ့.... အဲဒီ တော့.... ချွန်းက.... ဘာပြန်လုပ်ခဲ့သလဲ.... နင် သိလား ဘုံ.... ”

“ဩော်.... ဘယ်သိမှာ လဲ.... ဒုက္ခပါပဲ.... ”

ဘုံက.... စိမ့်ဘက် တစ်ချက် ပြန်လှည့်ကြည့်ရင်း.... စိတ်မရှည်သံဖြင့် ရေရွတ်လိုက်သည်။ အဲဒီ မိစိမ့် တစ်ယောက် ဟာ.... ဘယ်တုန်းကတည်းက ထစ်ချွန်းဆိုတဲ့ မှင်စာတစ်ကောင်အကြောင်းကို စိတ်ဝင်တစား လေ့လာ စာတမ်း ပြုစုထားခဲ့သလဲ မသိပါဘူး။ ဘုံနှင့် မတော် တဆ ပတ်သက်မိခဲ့ရာကနေ ငြိုး သူရန်ဘက်

ဖြစ်သွားကြတာရယ်.... ခြံချင်းကပ်ရက် ဖြစ်နေတာရယ်ကိုပဲ ရေး ကြီးခွင်ကျယ်လုပ်ပြီး.... သူ့အကြောင်းတွေ ချည်း လာပြောပြနေတော့တာမို့.... ဘုံ စိတ်မရှည်နိုင်တော့။

ချုန်းက.... ပြုံး ပြုံး လေး လုပ်ပြနေခဲ့တယ် တဲ့ ဘုံရဲ့ .... အဲ့ဒီ ပြုံး ပြုံး လေး လုပ်နေပြီဆိုရင် သူသိပ်ကြောက်စရာကောင်းသွားတာကို.... နောက်မှ စန္ဒာမြင့် သိခဲ့ရတယ်တဲ့.... ကိုယ့်ချစ်သူ တစ်ယောက် ကို.... လက်စားပြန်ချေလိမ့်မယ်လို့.... သူလဲ မထင်ခဲ့မိဘူးပေါ့ဟာ....

အဲဒီ လိုနဲ့ တစ်နေ့မှာ .... စန္ဒာမြင့်က ချုန်းကိုထမင်းစား ဖိတ်တယ်တဲ့.... အဲဒီ ပွဲကို ငါ့ အစ်ကိုလည်းသွားတယ်ဟယ်.... ငါ့ အစ်ကိုလဲ သူ့မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာတဲ့.... ”

“ဘာမြင်ခဲ့လို့လဲ.... သူ ဘာလုပ်လိုက်လဲဟင်.... ”

ငွေစင်ရဲ့ စိတ်ဝင်တစား အသံက.... အလောတကြီး ဝင်လာသည်။ ထိုစဉ်.... ဆရာဝင်လာတာမို့.... ကျောင်းသားတွေ ငြိမ်သွားသဖြင့် .... ငွေစင်က မချင့်မရဲ စုတ်သတ်လိုက်ကာ....

“အဲဒီ .... ဆရာကကွာ.... ဇတ်ထွတ်ရောက်မှ တိုက်မင်ကိုက်ကို ဝင်လာတာပဲ.... ”

ဟု ပွစိစိလေး ပြောလိုက်သည်။ ဘုံတောင် စိတ်မဝင်စားဘဲနေလို့ မရတော့။ စန္ဒာမြင့်ကို.... သူဘယ်လိုလုပ်လိုက်မလဲ ဆိုတာကို.... ဘုံပါ သိချင်နေရပြီ....။

သို့ သော်  ဆရာက လက်ချာ အခေါ်မြန်လွန်းသူမို့.... ဘုံတို့ သေလုမြော‌ပါး လက်ချာ လိုက်နေခိုက်မှာ .... ထိုအကြောင်းကို ဘုံ ခဏ မေ့ထားလိုက်တော့သည်။

ဆရာထွက်သွားတော့.... ကျောင်းသားတွေ တရုန်းရုန်းဆူညံစ ပြုကာ.... အတန်းအကူးအပြောင်း လုပ်ဖို့.... ကော်ရစ်ဒါမှာ ပြည့်နေသဖြင့် .... ဘုံတို့ ချက်ချင်း လိုက်မထွက်သေးဘဲ နေရာမှာ ဘဲ ထိုင်နေကာ.... ဘုံက စပြီး....

“ကဲ ဆက်ပါဦး.... ခုနက ဇာတ်လမ်း.... ဟိုမှင်စာ ရုပ်ပျက်က စန္ဒာမြင့်ကို ဘယ်လို လက်စား ချေခဲ့တာလဲ.... ”

"ဟော.... နင် စိတ်ဝင်စားလာပြီ မဟုတ်လား.... "

"မပြောရင်နေ.... ရတယ်.... "

"ပြောမှာ ပေါ့ဟဲ့.... အဲ့ဒါဟယ်.... ထမင်းစားခါနီး ဘေစင်မှာ လက်ဆေး ကတော့.... ချွန်းနဲ့ စန္ဒာမြင့်က.... အတူတူ ဆေးတယ်တဲ့.... ချွန်းက ဆပ်ပြာကိုင်နေတဲ့အချိန်မှာ .... စန္ဒာမြင့် က လက်ဆေးပြီးသွားလို့ ပြန်အထွက်မှာ .... ချွန်းက.... ဆပ်ပြာတုံးကို.... စန္ဒာမြင့် ရှေ့နားလောက်ကို တမင် လွှတ်ချလိုက်တယ်တဲ့.... စန္ဒာမြင့်က ရုတ်တရက် မမြင်ဘူး.... အဲ့ဒီ ဆပ်ပြာတုံးကို တက်နင်းမိပြီး ချော်လဲ သွားပါရော.... သမံတလင်းနဲ့ နောက်စေ့ ဆောင့်မိပြီး ခေါင်းကွဲသွားခဲ့တယ်.... "

"ဟင်.... ရက်စက်လိုက်တာ.... "

"ပထမတော့ အဲ့ဒီ ကိစ္စကို အမှတ်တမဲ့လို့ပဲ ထင်ခဲ့တာတဲ့ .... သူကလဲ.... စန္ဒာမြင့်ကို ထိုင်ရှိခိုးမတတ်ကို တောင်းပန်ခဲ့တာတဲ့.... သူ မတော် တဆ လွှတ်ကျသွားတာလို့ ပြောသတဲ့.... စန္ဒာမြင့်မိဘတွေ ကလဲ.... မတော် တဆမှု လို့ပဲထင်ကြတယ်.... ဒီလိုနဲ့ ခေါင်းကို နှစ် ချက်လား သုံးချက်လား ချုပ်လိုက်ရတယ်တဲ့ .... သူတမင် လွှတ်ချလိုက်တယ်ဆိုတာကို ငါ့ အစ်ကိုမြင်တယ်တဲ့.... သိလည်းသိတယ်.... ဒါပေမဲ့ ငါ့ အစ်ကိုက ဘာမှ ဝင်မပြောခဲ့ဘူး နောက်တော့မှ.... စန္ဒာမြင့်လည်း အဲ့ဒီ ကိစ္စကို ရိပ်မိသွားတယ် ထင်ပါရဲ့ .... တစ်သက် အပြတ်ပဲလို့ စန္ဒာမြင့်က ပြောပြီးတဲ့နောက် သူတို့ ပြတ်သွားကြတယ်....

ငွေစင်က.... သက်ပြင်းတစ်ချက်ချလိုက်ကာ.... စိတ်မသက်သာဟန်ဖြင့် ဘုံ့ကို လှမ်းကြည့်လိုက်သည်။ နင်လဲ သတိထားဦး.... ဟု ဆိုလိုသည့် သတိပေး အကြည့်....။ စိုးရိမ်ကြည့်....။

"ကဲ ကဲ.... လူရှင်းပြီ သွားမယ်လေ.... ကျုတိုရီရယ်လ်မှလား.... "

ဘုံက.... ဂရုမစိုက်သလို မျက်နှာပေးဖြင့် ပြောလိုက်ကာ.... ခပ်သွက်သွက် ထပြီး အခန်းထဲမှ ထွက်ခဲ့သည်။

ထိုသရုပ်ပျက် သတ္တဝါကို.... ဘုံ ခေါင်းထဲမှာ ကြာကြာထားဖို့ လုံးဝ စိတ်ကူးမရှိ.... ။ ဘုံ လုံးဝမမှား ။ စပြီး မှားခဲ့တာက သူပဲ ဖြစ်ရမယ်။ ဒီနေ့ ပြဿနာဟာလည်း သူက စပြီး ရန်စခဲ့တာ....

ထိုပြဿနာသည်.... ပြီးဆုံးလိမ့်ဦးမည် မဟုတ်ကြောင်း ဘုံ ခန့်မှန်းထားခဲ့ပါသည်။ သို့သော် အလွန်လျှင်မြန်စွာ သူ လက်တုံ့ပြန်ခဲ့လိမ့်မယ်.... ဟု ဘုံ မမျှော်လင့်ခဲ့ပါ။

ထိုညနေတွင်းချင်းမှာ ပဲ.... ဘုံ သူနှင့် တတိယအကြိမ်မြောက် ရင်ဆိုင်ခဲ့ရပြန်သည်။ ကျောင်းကအပြန် ရေမိုးချိုး ပြီး.... လမ်းထိပ်ကစာအုပ်အငှားဆိုင်မှာ စာအုပ်ငှားဖို့.... ဘုံ ထွက်ခဲ့သည်။ မနေ့ကငှားထားသော မဂ္ဂဇင်းထဲမှ မဖတ်ရသေးသော ဝတ္ထုတိုတစ်ပုဒ်ကို.... လမ်းဖြည်းဖြည်းလျှောက်ရင်း တစိမ့်စိမ့်အရသာခံ ဖတ်လာခဲ့သည်။ ဘုံ အမြဲဒီလိုပဲ လမ်းလျှောက်ရင်း စာဖတ်နေကျပါပဲ.... ။စာထဲအာရုံဝင်နေခိုက်.... ရုတ်တရက်အနောက်မှ ကျယ်လောင်စူးရှသော ဟွန်းသံခပ်ပြင်းပြင်းကြီး ထွက်ပေါ်လာသော အခါ.... ဘုံ လိပ်ပြာလွင့်မတတ် ကြောက်လန့်သွားကာ.... ကမန်းကတန်းရှောင်ခိုက်.... ခဲလုံးတစ်လုံးနှင့် ခလုတ်တိုက်မိပြီး.... မှောက်လျက်လဲကျသွားရတော့သည်။

နှလုံးတဆတ်ဆတ်ခုန်လျက်.... တမင်သက်သက် ဟွန်းသံကျယ်ကြီးပေးခဲ့သော ကားကို.... ဘုံ လဲကျနေရာမှ နောက်ပြန်လှည့်ကြည့်လိုက်သော အခါ.... ဘုံ သည်းခြေအိတ်တွေ ကို ကြိတ်ချေ ဆုတ်ညှစ်ပစ်လိုက်သလို ခါးသီးသွားစေသော .... အနက်ရောင် တောက်တောက်ကားကြီးနှင့် အတူ.... ထီမထင်သော အပြုံး စ ခိုတွဲ နေသော မျက်နှာတစ်ခု.... ။ ဘုံ.... ဒေါသတွေ ပွက်ပွက်ဆူ သွားလေသည်။

"ယူ.... အိုကေ.... "

သူ့ရဲ့ ဝတ်ကျေတမ်းကျေ လှမ်းမေးလိုက်ပုံကို.... ဘုံ မျက်ရှရှ ဖြစ်သွားကာ.... နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။ ထစ်ချွန်း.... ဒါ ကလဲ့စားချေတာပေါ့လေ ဟုတ်လား....

သူ တဖြည်းဖြည်း ဘုံ့အနီးသို့ ရောက်လာတဲ့အထိ.... ဘုံ မထသေး....

လဲကျနေသော ပုံစံမပျက်စွာ ပေကပ်ထိုင်နေလိုက်သည်။ သူက ဘုံ့ အနီးရောက်ရာက်ချင်း.... ဒူးကိုကွေး ခါးကိုကိုင်းငုံ့လိုက်ကာ.... လက်ကမ်းပေးလျက်....

"ထူပေးရမလား မြယွန်းဘုံ ဆောရီးနော်.... "အကြီးအကျယ် တောင်းပန်ပါတယ်.... မထင်မှတ်ပဲ.... မထင်မှတ်ပဲ.... "

"မထင်မှတ်ဘဲ.... အဲ့ဒါ မထင်မှတ်ဦး.... "

ဘုံ လဲကျနေရာမှ ကမန်းကတန်း ထကာ သူ့ကို အားနှင့် ဆောင့်တွန်းပစ်လိုက်တော့သည်။ ရုတ်တရက်မို့.... သူ ဟန်ချက်ပျက်ကာ လဲကျသွားလေသည်။ ဘုံ့ နှုတ်ခမ်းကလေး ဆတ်ခနဲ ကော့ပျံသွားလျက်.... သူ ခုနက လုပ်ခဲ့တဲ့ ပုံစံအတိုင်းပဲ....

"ယူ.... အိုကေ.... "

ခပ်စူးစူးလှောင်လှောင်ကလေး အော်မေးလိုက်သံမှာ .... ရယ်သံများ စွက်ဖက်မွှေနှောက်လျက်.... သူ့ မျက်နှာတစ်ပြင်လုံး.... ပြင်းပြင်းရင့်ရင့် နီရဲသွားကာ.... စူးနက်တောက်ပြောင်သော မျက်လုံးများ ဖြင့် .... ဘုံ့ကို စိုက်ကြည့်နေသည်။

ဘုံက စာအုပ်တွေ ကို ပြန်ကောက်ယူကာ.... သူ့ကို သရော်မော်ကား လှမ်းကြည့်လိုက်ပြီး....

"ထူပေးရဦးမလား ဆောရီးနော်.... မထင်မှတ်ဘဲ.... "

မဲ့မဲ့ရွဲ့ရွဲ့ဖြင့် မခိုးမခန့် ရေရွတ်ခဲ့ကာ.... ချာခနဲ လှည့်ထွက်လာခဲ့တော့၏ ။ ဘုံ .... လေးငါးလှမ်းတောင် မပြည့်သေးခင် ကြီးမားဟိန်းထနေသော တောက်ခတ်သံ ကျယ်ကျယ်တစ်ခုကို ကြားလိုက်ရသော အခါ.... ဘုံ.... တမင်တကာ ဇက်ကိုပုလျက် ပခုံးစုံတွန့်ပစ်လိုက်သည်။

"မြယွန်းဘုံ.... မင်း ထစ်ချွန်းအကြောင်း.... ကောင်းကောင်းသိစေရမယ်ကွ.... "

သူကလှမ်းအော်သဖြင့် .... ဘုံ လမ်းလျှောက်နေခြင်းကို ရပ်လိုက်ပြီး.... သမင်လည်ပြန် လှည့်ကြည့်ကာ....

"ငါ တစ်ယောက် တည်းတင် မဟုတ်ဘူး.... တစ်ကျောင်းလုံးကိုပါ သိရအောင်.... မိန်းမ တစ်ယောက် တွန်းချတာကို ပယ်ပယ်နယ်နယ်ကြီး ခံလိုက်ရတဲ့ နင့်အကြောင်းကို နို့တစ်(စ်) ဘုတ်မှာ ငါ ကိုယ်တိုင် ကပ်ထားပေးပါ့မယ်.... သရုပ်ပျက်ရဲ့ .... "

ခပ်ရိရိ ထေ့ထေ့ အသံဖြင့် ပြန်အော်လိုက်သည်။ သူက ကမန်းကတန်း ဖုတ်ဖက်ခါ ထလိုက်ကာ....ဒုတိယမြောက် တောက်ခေါက်ခြင်းကို ပြုလျက်.... ပလက်ဖောင်းကို ခြေဖြင့် ကန်လိုက်သည်။ နှုတ်ခမ်းက လှုပ်စိ လှုပ်စိနှင့် .... ဘာတွေ မကျေမချမ်း ရေရွတ်နေမှန်း မသိဘဲ ကျန်ရစ်ခဲ့သော ထစ်ချုန်းကို.... ဘုံ ဥပေက္ခာပြုလိုက်ပြီး.... လမ်းဆက်လျှောက်လာခဲ့သည်။

*

# အခန်း (၂)

"ဟယ်.... ရှေ့မှာ ကျောင်းသားကတ်ကလေး.... "အတန်းတက်ဖို့အလာ.... ကော်ရစ်ဒါ ထောင့်ချိုး အကွေ့တစ်ခုမှာ .... ကျောင်းသားကတ် တစ်ခု ကျနေတာကို ငွေစင်ကအရင်ဆုံးမြင်လိုက်ပြီး ပြေးကောက်လိုက်သည်။

"သန့်တယ်.... ကြည့်စမ်း"

"ခါင်"။ ဒုတိယနှစ် စီးပွားရေး တက္ကသိုလ်

"ဟဲ့ ငါတို့အတန်းထဲကပေါ့ .... ကြည့်စမ်းကွယ်.... ဒီလို သန့်သန့်ပြန့်ပြန့် (gentleman) ဂျန်းတဲလ်မဲန်းစတိုင်လ်လေးနဲ့.... အတန်းထဲမှာ ရှိနေတာကို ငါတို့မသိတာ... ညံ့လှပေဟန်ထဲကပဲ.... "

"ရိုးလ် နံဘာ.... သုံးဆယ်ကျော်လေးဟဲ့.... စာတော် မယ့်ပုံရတယ်.... "

"ဒါဆို ဇတ်လမ်းလေးလုပ်ပြီး ခင်အောင်ပေါင်းမှပဲ.... စာလေးဘာလေးမေးရအောင်.... "

ငွေစင်နှင့် စိမ့်က.... တစ်ယောက် တစ်ပေါက် အလုအယက် ပြောနေကြသဖြင့် .... ဘုံက လက်ကလေးကို ဆွဲယူကြည့်လိုက်သည်။ မျက်ခုံးမျက်လုံးများ ထင်းနက်ပြတ်သားစွာ ပေါ်လွင်လွန်းသဖြင့် .... ဘုံ စိတ်ကူးတစ်ခုရကာ....

"ဟေ့ ကောင်တွေ .... သူ့ဆီမှာ မထင်းသေးတာ တစ်ခုရှိတယ်.... နှုတ်ခမ်းမွှေး.... နှမ်းခမ်းမွှေး ဟီဟိ.... နှုတ်ခမ်းမွှေး မည်း နေအောင်တပ်ပေးပြီး.... နို့တစ်(စ်) ဘုတ်မှာ သွားကပ်လိုက်ရအောင်ဟေ့....

"ငါတို့ မတပ်ရဲဘူးနော်.... ဘုံ.... နင်တပ်ရဲရင်တပ်.... ပြဿ နာပေါ်ရင် နင် ဒိုင်ခံရှင်း.... "

ဘာ ပြဿ နာ ပေါ်စရာရှိသလဲ.... ချောင်တစ်ချောင်မှာ .... နှုတ်ခမ်းမွှေးတပ်....

ကျောမှာ ကော်အပြည့် အဆင်သင့် သုတ်ထားပြီး.... ဘုတ်မှာ ဖတ်ခနဲ သွားကပ်လိုက်ရုံပဲ.... ဒါမှ.... နောက်ဆို သူ နမော်နမဲ့ မနိုင်ရဲမှာ ပေါ့.... ပညာပေးရုံလေး.... ပါမလား မပါဘူးလား.... ပြော.... ”

“ပါပါ့မယ်.... ပါပါ့မယ်.... မှာ းပါတယ်.... သွားကောက်လိုက်မိတာကိုက.... ပြင်မရနိုင်တော့တဲ့ ငါ့ရဲ့ မဟာအမှာ း.... ”

ငွေစင်က ရှုံ့ရှုံ့မဲ့မဲ့ ညည်းညူလိုက်လေသည်။ ဘုံက နှုတ်ခမ်းကလေးကွယ်ကာ.... ရယ်မောရင်း....

“ငါက နှုတ်ခမ်းမွှေး တပ်ပေးမယ်.... ငွေစင်က ကပ်.... စိမ့်က.... ကော်သုတ်ပေးရမယ်.... ”

တာဝန်တွေ ခွဲဝေပေးလိုက် သည်။ နောက်တော့ လူရှင်းသော တစ်နေရာသို့ သွားကာ ဘုံက နှုတ်ခမ်းမွှေး မည် းမည် းကော့ကော့ကြီးအပြင် မုတ်ဆိတ်မွှေး ရှည်ရှည်တွေပါ အဆစ် ထည့်ပေးလိုက် ပြီး ကျောင်းသားအမည် “ခေါင်” ဆိုတဲ့နေရာမှာ ... ဝစ္စနှစ်လုံးပေါက် ဆက်ထည့်ကာ.... “ခေါင်းမဆန့်” ဟု ချဲ့ထွင်နာမည် တပ်ပေးလိုက် ကာ.... ကိုယ့်လုပ်ရပ်အပေါ်.... ထိန်းမနိုင်သိမ်းမရ သဘောတွေ ကျကာ.... တခွီးခွီး ရယ်မောလိုက်သေးသည်။ စိမ့်က.... သူ့ ထမင်းဘူးထဲမှ ထမင်းဖြူတွေ နှင့် .... ကတ်ရဲ့ အနောက်မှာ သုတ်ပြီးသော အခါ.... ဘုံတို့သုံးယောက် သား.... နို့တစ်(စ်)ဘုတ်အရှေ့သို့ ချီတက်လာခဲ့ကြတော့၏ ။

အလွန်တရာ လက်မြန် သွက်လက်လှသော ငွေစင်က.... ဟိုဟိုဒီဒီကြည့်ပြီး ဘုတ်မှာ ဖတ်ခနဲ ကပ်ပြီးတာနဲ့ တစ်ပြိုင်နက်.... ဘုံတို့ သုံးဦးသား တစ်ချိုး တည်း သုတ်ခြေတင် လစ်ပြေးလာခဲ့တော့သည်။

“ရယ်ရတယ်ဟေ့.... ရယ်ရတယ်.... ဟား.... ဟား.... ”

ငွေစင်က ဗိုက်နှိပ်ကာ ရယ်လို့မဆုံးနိုင်။ ဘုံကလည်း.... မျက်နှာပိုး သတ်မရနိုင်တော့တဲ့အဆုံး.... မျက်နှာကိုလက်နှစ် ဘက်ဖြင့် အုပ်ကွယ်ကာ အားပါးတရ

ရယ်မောသည်။ စိမ့်ကလည်း နောက်ကို လှည့်ကြည့်လှည့်ကြည့်ဖြင့် ....။

“ခဏကြာရင်.... လူတွေ အုံလာလိမ့်မယ်.... ကြည့်နေ.... သနဲ့သနဲ့ကလေးတော့ အရှက်ကြီးရှက်ရချည်သေးရဲ့ .... ”

“ရှက်ပါစေ ဟယ်.... သူ့ခမျာ.... ရှက်ခြင်းရဲ့ အရသာလေး ခံစားဖူးအောင်.... မြည်းစမ်းရှာပါစေ.... ”

တစ်ယောက် တစ်ပေါက် ပြောလျက် ဘုံတို့.... အတန်းထဲ ဝင်လာခဲ့ကြသည်။ ခုံမှာ ဝင်ထိုင်ပြီး.... ကိုယ့်နေရာမှာ ကိုယ်ထိုင်လျက် ခေါင်းချင်း ဆိုင်ကာ ရယ်မောလိုက်ဆဲ....

“ကျောင်းသားချင်းချင်း အဲ့ဒီလို မလုပ်သင့်ဘူးလို့ ကျွန်တော် ထင်တယ်ဗျာ.... ”

ခပ်တိုးလျလျ အသံတစ်ခု ပေါ်ထွက်လာတာမို့ .... ဘုံတို့ အလန့်တကြား ခေါင်းမော့ကြည့်လိုက်ကြသည်။ ဘုရား သခင်.... ဓာတ်ပုံထဲက လူပါလား....။ ဘုံတို့ မတိုင်ပင်ရပါပဲ.... သုံးဦးသား ပူးကပ်သွားကြကာ.... တစ်ယောက် ကို တစ်ယောက် ဆုပ်ကိုင်လိုက်ကြတော့.... လက်တွေ က အေးစက်လှစွာ ....။

စိမ့်က အတည်ပေါက်ကြီးဖြင့် ....

“ဘာလဲ.... ဘာတွေ လာပြောနေတာလဲ ရှင့်.... ”

ငွေစင်ကပါ အား မရှိတရှိဖြင့် ဝင်၍ ....

“ကျွန်မတို့ ဘာမှ မလုပ်မိဘူးနော်.... လာ စွပ်စွဲမယ် မကြံနဲ့.... ကြံစည်ထားတာတွေ ရှိရင် အမြန်ဆုံးရပ်သပမ်းပြီး.... လာရာလမ်းအတိုင်း ပြန်လှည့်သွား.... ”

တုန်ချည့် တုန်ချည့်ဖြင့် .... ငြင်းဆန်နှင်ထုတ်နေလေသည်....။ ဘုံ ကတော့ နှုတ်ခမ်းနှစ် လွှာကို ဖိစေ့မထားရပါပဲ.... အလိုလိုစေးထန်း ဖွင့်မရ ဖြစ်ကာ.... အရှက်ကြီးရှက်လျက် ခေါင်းငုံ့ တိတ်ဆိတ်နေလိုက်မိသည်။ ဘုံတို့ မှာ းသွားပြီ....။ ဘုံတို့ရဲ့ လုပ်ရပ်ကို ကာယကံရှင် သိသွားလိမ့်မယ်လို့.... ဘုံတို့မှ ထင်မထားမိဘဲ။ အမှတ်တမဲ့ပဲ ပြီးဆုံးသွားလိမ့်မည် ဟု ထင်ခဲ့တာ။ ဒီလို ဗရုတ်သုတ်ခ အလုပ်မျိုး လည်း.... ဘုံတို့ တစ်ခါမှ

လုပ်ဖူးခဲ့တာ မဟုတ်။ ပျော်စေ ပျက်စေ သဘောမျိုးဖြင့် သာ ကြုံမိကြုံရာ ကြုံစည်ခဲ့မိတာလ ....
။

အခုတော့.... တစ်ခါလေး ခိုးဝှက်မိပါတယ်.... ချက်ချင်း ပေါ် ဆိုသလို ဖြစ်နေပြီ....
။

“ခင်ဗျားတို့ကို ကျွန်တော် ပြေပြေလည်လည် လာပြောတာပါ.... ခင်ဗျားတို့ အဲ့ဒီပုံ လာကပ်ကတည်းက ကျွတ်တော် အဲ့ဒီမှာ ရှိနေတယ်.... ကျောခိုင်းပြီး စာဖတ်နေလို့ ခင်ဗျားတို့ကို ကျွန်တော် မမြင်တာ.... ”

“ဟင်.... ဒုက္ခပဲတော့.... အရှက်ပဲ.... ”

စိမ့်က တိုးတိုးလေးညည်းညူလိုက်သည်။

“ကျွန်တော် နဲ့ ခင်ဗျားတို့ အကြားမှာ .... ပြဿနာ တစ်ခုခုများ ရှိခဲ့ဘူးသလား.... ကျွန်တော့် ကို ဘာကြောင့် များ အရှက်ကွဲစေချင်ရတာ လဲ ဆိုတာ သိချင်လို့ လာမေးကြည့်တာ.... ဟင်.... ရှိသလား.... ”

“ဟဲ ဟဲ.... မရှိတော့ မရှိပါဘူး.... ဟိုလေ.... မတော် တဆ ကောက်ရမိရာကနေ.... မတော် တဆ ပျော်နောက်မိတာပါ.... ”

“အေးလေ.... ခင်ဗျားတို့ ကတော့ ပျော်ရမှာ ပေါ့ .... ခံရတဲ့လူဘက်လဲ ထည့်တွက်ဦးလေ.... ကတ်တစ်ခုလုံး ရစရာ မရှိတော့ဘူး... ခင်ဗျားတို့ ဒီလိုလုပ်မယ့်အစား.... ကျွန်တော့်ကိုရှာပြီး လာပေးလိုက် ရင်.... ဘယ်လောက်အဆင်ပြေမလဲ.... ”

သူပြောနေစဉ်.... ဆရာ ဝင်လာတာမို့.... သူက.... အနောက်သို့ .... ချာခနဲ လှည့်ထွက်သွားတော့သည်။

“အမလေးဟဲ့.... ရှက်လိုက်တာနော်.... တစ်သက်နဲ့ တစ်ကိုယ်.... ဒီလိုအ ဖြစ်မျိုး တစ်ခါမှ မကြုံဖူးပါဘူး.... ဘုံ.... အရူးမ.... ဒင်းလေး ကတော့.... သူ မဟုတ်သလိုလို.... မျက်နှာ ငယ်လေးနဲ့ ငြိမ်နေတယ်.... နင့်ပြဿနာ.... နင် ရှင်းပါလား.... တစ်ခွန်းမှ ဝင်မပြောဘူး....

အလိမ္မာတုံးလေး ပုံစံက...ဟိုလူ့ မေတ္တာကို သဲ့ယူနေသလား မသိဘူး.... ”

စိမ့်က ပွစိပွစိနှင့် .... ဘုံ့ကို ကျိတ်ဆူပူနေလေသည်။ ဘုံ ခေါင်းငုံ့ကာ ခပ်တိုးတိုး ရယ်လိုက်ပြီး....

“ငါလဲ.... ဒီလို ဖြစ်လာမယ်လို့ မထင်ဘူးလေ.... အဲ့ဒါ ငွေ့စင်အပြစ်ပဲ.... ကပ်ခါနီး ဘေးနားကလူကိုတော့...အကဲလေး ဘာလေး ခတ်ဦးမှပေါ့.... ခုတော့.... ကျားရှေ့ မှောက်ရက်လဲသွားတာကမှ.... နေသာထိုင်သာ ရှိဦးမယ်.... ငါတော့.... အရမ်း အားနာသွားတာပဲ သနားစရာလေး ဟယ်.... ”

“အံမယ်.... သနားစရာလေးဒဲ့.... စိတ်ကူးရော...မယဉ်လိုက်မိဘူးလား.... ငါတို့ နှစ်ယောက် ရဲ့ ဇာတ်လမ်း ဒီကများ စမလား မသိဘူးလို့လေ.... ”

ငွေ့စင့် အပြောကြောင့် .... ဘုံ သဘောကျစွာ တခွိးခွိး ရယ်နေလိုက်သည်။

“သူ့ ရုပ်ကလေးက သနားကမား ရုပ်ကလေးဟဲ့.... အပြင်မှာ .... ပိုချောတယ်နော်.... ထင်း ထင်းလေး.... “

စိမ့်က.... ဝင်ရောက်ချိုးကျုး လိုက်ရင်း.... လက်ကလည်း.... ဆရာခေါ်နေသော .... လက်ချာကို မလွတ်တမ်း လိုက်ကူးနေသည်။ ဘုံ နှုတ်ခမ်းလေး ကိုက်လိုက်ပြီး.... ကိုယ့်လုပ်ရပ်အပေါ် အားနာ သနားမဆုံး ဖြစ်လာရတာ မို့....

“ဟေ့ ကောင်တွေ .... တောင်းပန်လိုက်မယ်ဟာ.... ငါတို့လွန်တာ ဟ.... ”

ဟု ခပ်တိုးတိုး လှည့်ပြောလိုက်သည်။

*

“ရွှတ်....ရွှတ်.... ”

ဘုံက.... ရှေ့မှငိုက်စိုက်စိုက်သွားနေသူကို မရွံ့မရဲ ဖြစ်နေရသည့်ကြားမှ အရဲစွန့်ပြီး လှမ်းခေါ်လိုက်သည်။ ဘုံ့ အနောက်မှာ .... စိမ့်နှင့် ငွေစင်က ခပ်တွန့်ဆုတ်ဆုတ်။ သူတို့နှစ် ယောက် ကတော့... တောင်းပန်စရာရှိရင် တောင်းပန်ဖို့ ဝန်လေးတတ်သော အနွယ်ဝင်တွေ ပီပီ .... ဒီကိစ္စမှာ ဘုံ့ ကိုသာ ရှေ့တန်းသို့ ဇွတ်ပို့ပစ်လိုက်ကာ.... သူတို့ ကတော့.... အီရော အီရောနှင့် .... ဘုံ့ နောက်ကနေ ဝင်တောင်းပန်ပါမည် ဟု ဆိုခဲ့ကြသည်။

သူက ဘုံ့ ခေါ်သံကြောင့် အနောက်သို့ လှည့်ကြည့်လိုက်ပြီး.... ဘုံ့ ကိုမြင်သော အခါ.... မျက်နှာကွက်ခနဲ ပျက်သွားတာကို ဘုံ အသေအချာ မြင်လိုက်ရသည်။ သူ့ ရုပ်ကလေးကျတော့.... ယောက်ျားလေးတန်မဲ့ အပြစ်ကင်းစင် လွန်းလိုက်တာ.... ဟု ဘုံ တိတ်တခိုး မှတ်ချက်ချလိုက်မိလေသည်။ ဒီလို ယောက်ျားလေး တစ်ယောက် ကိုမှ ဘုံတို့က အရက်တကွဲ အကျိုး နည်း ဖြစ်အောင် ကြံစည်မိခဲ့သည်။ အမှန်ဆို.... ထစ်ချုန်းလို... ဆောင့်ကြွားကြွား.... ထီမထင်သော မျက်နှာပေးဖြင့် .... ကလဲ့စားချေဖို့ကို အမြဲအာရုံစိုက် ဝါသနာထုံသော ယောက်ျားမျိုး ကိုသာ.... ဘုံတို့ ပညာပေးသင့်တာနော်။

"ဟိတ်.... ခဏလေး.... "

ဘုံ သူနှင့် မျက်နှာချင်းဆိုင်လိုက်ကာ.... လက်ကလေးပိုက်ယှက်လိုက်ရင်း.... တစ်ခါမှ အခုလို ယောက်ျားလေး တစ်ယောက် ကို မတောင်းပန်ခဲ့ဘူးသော အ ဖြစ်မို့.... ရှက်ရွံ့ရွံ့လည်း ဖြစ်ကာလ မျက်ခုံးကလေးတစ်ချက် လှုပ်မိလျက်....

"ဘုံ.... တောင်းပန်ပါတယ်.... "

တိုတိုတုတ်တုတ်ပြောလိုက်ပြီး.... ဘုံက.... သူ့ကို တစ်ချက်ကြည့်လိုက်သည်။ သူကလေးက.... အလွန်တရာ သဘောကောင်း ကြည်လင်လှသော မျက်နှာပေးကလေးဖြင့် ....

"ဟာ.... ရပါတယ်.... တောင်းပန်ရလောက်အောင် ကျွန်တော် စိတ်ဆိုးခဲ့တာလဲ မဟုတ်ပါဘူး.... "

သူကပင် တစ်ပြန် အားနာသွားသော .... မျက်နှာဖြင့် ပျာပျာသလဲ ပြောလိုက်ပုံကို ဘုံ အံ့သြမဆုံး ရှိသွားရသည်။ အို.... ထစ်ချုန်းနှင့် တော့ တခြားစီပါလား.... ။ ဟို တစ်ယောက်

ကတော့ဖြင့် .... သူ့ရဲ့ ခပ်နက်နက်မျက်လုံးတွေ တပြောင်ပြောင် တလက်လက်ထအောင် အငြို း ကြီးလှလျက်.... မိန်းကလေးသော .... ဘာသော ဂရုမစိုက် မငဲ့ညှာတတ်ဘဲ.... သူ့ကိုထိတာနှင့် ဆတ်ဆတ်ထိမခံ လက်တုံ့ပြန်ဖို့သာ အာရုံများ လှတဲ့သူ....။

ဒီ တစ်ယောက် ကျတော့.... မှာ းမိတဲ့သူတောင် နောင်တရမဆုံးအောင်.... ထပ်တလဲလဲ တောင်းပန်ချင်လောက်အောင်.... ဖြူစင် ငဲ့ကွက်တတ်သူ....။ ခုတလော အတွင် းကလေးမှာ မှ ဘုံ ကြုံကြိုက်ဆုံတွေ ့လိုက်ရသော ယောကျ်ား နှစ် ယောက် သည်.... မျဉ်းပြို င်သဏ္ဍာန် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသော စရိုက်များ ကို ပိုင်ဆိုင်ထားသူတွေ ဖြစ်ကြောင်း.... ဘုံတအံ့တသြ သိလိုက်ရသည်။

“မဟုတ်ဘူး.... ဘုံတို့က အရမ်းမှာ းသွားတာပါ.... တစ်ခါမှလဲ.... အဲ့ဒီလို လှောင်ပြောင်ဖူးတာမဟုတ်ဘဲနဲ့ အခု...သူ့ကျမှ ဘာစိတ်ကူးပေါက်သွားမိမှန်း မသိဘူး.... ဘာရည်ရွယ်ချက်မှ မရှိပါဘူး.... တကယ့်ကို မတော် တဆ.... ”

“ရပါတယ်.... ရပါတယ်.... ကတ်ပြန်လဲရတော့လဲ.... ကျွန်တော် အသစ်ကိုက်ရတာ ပေါ့.... ကျွန်တော့် စိတ်ထဲ ဘာမှမရှိတော့ပါဘူး.... ခုလို လာတောင်းပန်လိုက်တော့.... ကျွန်တော် .... ပိုပြီး သဘောပေါက် သွားပါတယ်....

“သူ့နာမည် .... ခေါင်နော်.... ”

စိမ့်က.... အခုမှ.... ပြုံး စိစိဖြင့် စကားဝင်ပြောဖော်ရသည်။ သူက တစ်ချက်ရယ်လိုက်ပြီး...

“အစ ကတော့ ခေါင်ပဲ.... အခုမှ ခေါင်းမဆန့် ဖြစ်သွားတယ်ဗျာ.... ဒီမှာ တွေ လား.... ”

ကတ်ကို ထပ်မံထုတ်ပြလိုက်တာမို့.... ဘုံ မျက်နှာမထားတတ်လောက်အောင် ထူအမ်း သွားရလေသည်။ စိမ့်နှင့် .... ငွေစင့်ထံမှ.... ရယ်သံတွေ ထွက်ပေါ်လာပြီး....

“ဆောရီးပါရှင်.... နာမည် ကြီးအောင် ကြော်ငြာပေးလိုက် မိတာပါ.... ”

"ဟို တစ်ယောက် တော့ ရှက်နေပြီ.... အတွေ့အကြုံမရှိသေးဘဲ.... နောက်ချင်တာကိုး.... "

သူက ဘုံ့ကို သေသေချာချာကြည့်ပြီး ပြောလိုက်တော့.... ဘုံ.... တရင်းတနှီး မျက်စောင်းထိုးလိုက်မိတော့သည်။

"ဘုံ့ နာမည် ကို ဟိုတရောက်လို မခေါ်ပါနဲ့.... ခေါင်....။ မြယွန်းဘုံ.... ပါ"

"ကြားဖူးတယ်.... "

သူက.... ရိုးသားလှစွာ ဝန်ခံဖော်ရလေသည်။ ခုလောလောဆယ် ဘုံ သတိထားမိသလောက် ကတော့.... သူသည်.... တစ်ယောက် ယောက် စကားပြောရင်.... အာရုံစူးစိုက်ပြီး တလေးတနက် နားထောင်ပေးတတ်တာကိုပဲ ဖြစ်သည်။ အဲ့ဒါမျိုး လေးကို ဘုံ သဘောကျသည်။ ထစ်ချွန်း ကတော့.... အဲ့ဒီလို စရိုက်မျိုး မရှိ....။ သူပြောချင်ရာ ဖွတ်ပြော.... သူလုပ်ချင်ရာကို တစ်ဖွတ်ထိုးလုပ်ပစ်မည့် စရိုက်မျိုး ....။

ဟာကွာ.... စိတ်ပျက်စရာကောင်းလိုက်တာ.... ဘာကြောင့် များ ...ဒီ.... ခေါင်နှင့် ထစ်ချွန်း မှင်စာသရုပ်ပျက်ကို...နှိုင်းယှဉ်ကြည့်မိနေရတာ လည်း မသိပါ....။ မမိုက်ဘူးကွယ်.... ။ ပြောတော့ဖြင့် ...ထစ်ချွန်းကို...ဂရုမစိုက်ဘူး.... မကြောက်ဘူးနှင့် .... ဟစ်ကြွေးထားမိပြီးမှ.... သူ ဘယ်အချိန်မှာ .... အငိုက်ဖမ်းပြီး လက်စားပြန်ချေမလဲ.... ဆိုတာကို.... ဘုံ့ မသိစိတ်ထဲကနေ စိုးရွံ့နေမိခြင်း ဖြစ်သည်။ သွားစမ်းပါ.... ထစ်ချွန်းကိုမကြောက်ရအောင်...ခေါင့်ကို အားကိုးတကြီး အကူအညီတောင်းရမှာ ပေါ့....။

ဘုံ ဘာသာ တစ်ကိုယ်တည်းတွေ းတောအကြံပေးရင်း.... အဲ့ ဒီလိုအတွေ းမျိုး စိတ်ထဲ ဝင်ရောက်ငြိတွယ်လာတာကိုလည်း.... ဆန်းကြယ်နေရပြန်သည်။ ဘာဆိုင်လို့တုန်း.... ခေါင်နှင့် ဘုံဟာ.... ဘာဆိုင်လို့တုံး....။ ဘာမှ ဆိုင်စရာ ပတ်သက်စရာ မရှိပါဘဲ.... ဘုံ အလိုလိုနေရင်း.... အတွေ းခေါင်နေမိတာပါ....။

"ကဲ.... ကျွန်တော့် ကို သွားခွင့်ပြုဦးနော်.... အခုကစပြီး မိတ်ဆွေတွေ ဖြစ်သွားပြီမို့.... နောက်ဆို ကျွန်တော် စိတ်ချရပါပြီနော်.... "

သူ့ရဲ့ ဖော်ရွေလှိုက်လှဲပြုံး ကလေးထံမှာ .... ဘုံ ခဏလေး ငိုက်ဆင်းမိသွားပြီး.... ကဗျာကယာ ပြန်ပြုံး ပြလိုက်ကာ.... တုံ့ပြန်နှုတ်ဆက်လိုက်သည်။

ဘုံတို့ ဆန့်ကျင်ဘက်လမ်းကြောင်းအတိုင်း လမ်းခွဲလျှောက်လာခဲ့ပြီးမှ....

"ကောင်လေးက.... လူကောင်းလေးပါကွယ်.... "

ဟူသော စိမ့်ရဲ့ရွှတ်နောက်နောက် အသံကြောင့် .... သတိတရဖြင့် နောက်ပြန် လှည့်ကြည့်လိုက်မိသည်။ ထိုအခါ.... မမျှော်လင့်စရာ အံ့ဩစရာ ကောင်းလှစွာ .... သူကလေးက ထိုနေရာမှာ ခြေစုံ ရပ်နေခဲ့လျက်.... ဘုံတို့ကို.... ပြုံး ပြုံး မြမြဖြင့် .... စောင့်ကြည့်နေခဲ့တာကို တွေ့ရလေသည်။

"ဟဲ့.... ပြုံး ပြုံး ကြီး ရပ်ကြည့်နေတယ်တော့.... "

ငွေစင်ကလည်း အမှတ်မထင်.... နောက်လှည့်ကြည့်လိုက်ပြီး.... အလန့်တကြား ရရွှတ်လိုက်ကာ...ဘုံ့ မျက်နှာကို.... တည့်တည့် လာကြည့်လိုက်ရင်းက....

"ဩော်.... ဒင်းကလေးတို့က ဒီလိုကိုး.... ဘုံ မဲပေါက်သွားပြီတော့.... စိမ့်ရဲ့ .... နင်နဲ့ ငါက.... သူ့ကို ပါရမီ ဖြည့်ပေးလိုက် ရတာ ဟဲ့....

ဘုံက.... ငွေစင့်ကို ဖျတ်ခနဲ လှမ်းရိုက်ပစ်လိုက်ကာ....

"သွားစမ်းပါဟယ်.... မတော် တ ဆ ဖြစ်သွားတာပါ.... "

"မတော် တဆ .... တဲ့.... အဲ့ဒီ စကားတွင် တွင် သုံး.... တော် ကြာ မတော် တဆ အိမ်ထောင်ကျသွားဦးမယ်.... "

"ဟဲ့.... "

ဘုံက.... အော်ဟစ် ဟန့်တားလိုက်ပြီး....

"ဒါမျိုး ပြောစရာလား...သွေးလန့်စရာကောင်းလိုက်တာ ငွေစင်ရယ်.... "

"မလန့်နဲ့.... မလန့်နဲ့.... အဲ့ဒီကောင်လေးနဲ့...အမေ သဘောတူတယ်.... သမီး.... "

"ဟယ်.... မီးမီး ရှက်ရှက်.... "

ဘုံက မျက်လုံးစုံမှိတ်ကာ ကပေါက်တိ ကပေါက်ချာ အော်လိုက်ပြီး.... ငွေစင့်ကို ပြန်လှောင်လိုက်သည်။ အမြဲတမ်းပဲ.... ဘုံတို့ သူငယ်ချင်း သုံးယောက် ဟာ ပါးစပ်စေ့ မနေရ။ တွေ့လိုက်တာနဲ့.... ပေါက်ကရ ရှစ်ဆယ်တွေ တောင်စဉ်ရေမရ လျှောက်ပြောကာ.... အမြဲ တဟိဟိ ရယ်မောနေကျဖြစ်လေသည်။ ဘုံတို့ကို မြင်သူတိုင်း.... အမြဲ သွားကလေးများ ပေါ်လျက်သားပဲ တွေ့ရလိမ့်မည် ။ ရယ်စရာတွေ .... လျှောက်ပြောပြီး.... ရယ်မောရတာ ကိုက.... ဘုံတို့ရဲ့ ဝါသနာ ဖြစ်သည်။

"ကဲပါ.... မီးမီးရှက်ရှက်လုပ်မနေနဲ့.... နင် ငါတို့ကို မုန့်ကျွေးရမယ် ဘုံ.... ဒီလောက် ထင်ထင်ရှားရှား အကောင်းစားကလေးနဲ့.... ဓာတ်တွေ့သွားအောင် ငါတို့ ဆောင်မ ပေးလိုက် ရတာ .... ဖတ်ဖတ်ကိုမောသွားတာပဲ.... "

"အောင်မယ်.... ဘာမောစရာရှိလို့လဲ.... ဘာမှဖြင့် ဝင်မပြောဘဲနဲ့များ .... "

"ငါ ဝင်ပြောတယ်လေဟယ်.... သူ့နာမည် ခေါင်နော်လို့လေ.... ငါက ငွေစင်ထက် ပိုစားပိုင်ခွင့်ရှိတယ်.... ဒါပဲ.... "

စိမ့်က.... တက်တက်ကြွကြွ ပြောလိုက်သဖြင့် ...ငွေစင်ကလည်း.... အားကျမခံနိုင်ပုံနှင့် ....

"အရူးက တစ်မူးသာလို့ ဘယ်ရမလဲ စိမ့်ရာ.... ဒီဇာတ်လမ်း ဖြစ်လာအောင်.... နို့တစ်(စ်) ဘုတ်မှာ .... အဲ့ဒီကတ်ကို အရဲစွန့်ပြီး ကပ်ပေးခဲ့တာ ဘယ်သူလဲ.... အီးစကိုပါကွာ.... နင့်ထက် ငါ ပိုစားမှ ဖြစ်မယ် စိမ့်ရဲ့ .... "

"ပိုစားပါ.... ပိုစားပါ.... အစားပုပ်.... ငတ်ပြတ် ဆာလောင် မွတ်သိပ် ပဲ့ရွဲ့.... ခေါင်းပါး.... အီသီယိုပီးယားရဲ့ .... "

စိမ့်က မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ... ရှုတ်ချ အမွှမ်းတင်ပြီးမှ.... ကျေနပ်သွားဟန်ဖြင့် ဟိခနဲ ရယ်ချလိုက်သေးသည်။ သူတို့နှစ် ယောက် ကိုကြည့်ပြီး.... ဘုံ.... ရယ်လို့မဆုံးနိုင်ချေ....။

ထိုကာလများ ကတော့.... ဘုံရဲ့ ...ရယ်မောဖွယ်ရာရက်များ ပါပဲကွယ်။ “ခေါင်” နှင့် စတင် ပတ်သက်လိုက်ရသော ကာလ အပိုင်း အခြား တစ်ခု အတွင်း ႏမှာ .... ဘုံ့ ထံတွင် .... ရယ်မော ပျော်ရွှင်စရာများ သာ ပြည့်လျှံနေခဲ့ဘူးပါသည်။

*

# အခန်း (၃)

ခေါင်က.... ခုံမှာ ဒူးချိတ်ထိုင်ကာ.... ဘုံပြောသမျှစကားတွေကို.... စိတ်ဝင်တစား ခပ်ပြုံး ပြုံး နားထောင်လျက်.... ဘုံ့ မျက်လုံးတွေ ကို တည့်တည့်မတ်မတ် စိုက်ကြည့်နေရာက .... တစ်ခါတစ်ရံ .... ဘုံ့ရဲ့ ရှေ့ဆံပင်များ ခေါင်းအငဲ့မှာ ဝဲခနဲဖြာကျလျက်.... ဘုံ့မျက်နှာကိုတစောင်း အုပ်ဆင်းကွယ်ကျသွားတာလေးကို လိုက်ကြည့်နေတတ်တ်ကို.... ဘုံ သတိပြုမိသည်။ ဘုံ စိတ်လိုလကရရှိရင်တော့ ဆံပင်များ ကို.... ပြန်လည်သပ်တင်မိလျက် စိတ်မလိုလျှင် ဒီအတိုင်းပဲ ဖုံးကွယ်နေစေတော့....။

"မြယွန်းဘုံ.... ကျွန်တော် မျင်နှာလေး မမြင်ရတော့ဘူး.... "

ဟု သူကပြောသည်။ ထိုအခါ.... ဘုံကရှက်သွေးဖြာသလိုလို ရှိလျက်.... ဆံပင်များ ကို ပြန် ပင့်တင်ပေးလိုက် ရလေသည်။

"ခေါင်က အသေးစိတ်ကလေးတောင်လိုက်ဂရုစိုက်နေတာပဲ.... အဲ့ဒီလိုအာဂရုံစိုက်နိုင်တာ ကလဲ.... ပါရမီပဲ.... သိလားလ "

"ဟုတ်လား.... တမင်တကာကြီး ဂရုစိုက်လိုက်တာတော့ မဟုတ်ပါဘူး မြယွန်းဘုံ.... ဒီလိုပါပဲ.... "

သူက .... အနည်းငယ် ရှက်သွားဟန်ဖြင့် လ ဟိုဟိုဒီဒီအကြည့်လွှဲဖို့.... ကြိုး စားတော့သည်။ ပြီးမှ.... တစ်စုံ တစ်ယောက် ကို တွေ့သွားဟန်ဖြင့် ....မျက်ခုံးတစ်ချက်ရှုံ့ကာ....

မြယွန်းဘုံ... ချက်ချင်း လှည့်မကြည့်လိုက်နဲ့.... ဟိုဘက် ခပ်လှမ်းလှမ်းမှာ မြယွန်းဘုံကို အမြဲစောင့်ကြည့်နေတဲ့ လူ တစ်ယောက် ရှိတယ်...စတိုင်လ် ကတော့ ခပ်မိုက်မိုက်ထဲကပဲ.... သူ့ကို သိလား.... "

ဘုံ.... နှုတ်ခမ်းလေးကို မဲ့ရွဲ့လိုက်ကာ....

"သိတယ်....သိတယ်.... ဝတ်လိုက်ရင် ခေတ်ရှေ့လွန်နေတဲ့ သတ္တဝါလား.... အဲ့ဒါ

ထစ်ချွန်းတဲ့.... ဘုံနဲ့ ကျောင်းတော် က ရန်စရှိတယ်.... သူက ဘုံ့ကို စောင်းကြည့်နေတယ် ဟုတ်လား.... ဘုံတောင်မသိဘူး.... ”

“သူ့ အကြောင်း ခေါင်းထဲမထည့်စမ်းပါနဲ့ ခေါင်.... စိမ့်နဲ့ ငွေစင်ဆို သူ့ကို အသေကြာက်ပဲ.... အရမ်းရန်ငြိုး သိတတ်ပြီး.... ကလဲ့စားချေတတ်လွန်းလို့တဲ့.... ”

“ဟုတ်လား.... ”

ခေါင်က မသိမသာတစ်ချက်ထပ်လှမ်းကြည့်လိုက်တာမို့.... ဘုံ.... ဖျတ်ခနဲ.... နောက် လှည့် ကြည့် လိုက်တော့.... ရိပ်ခနဲ ပျောက်ကွယ်သွားပုံရသော ထစ်ချွန်းကို ဘုံ မတွေ့ လိုက်ရပေ။

“မြန်လိုက်တာ.... ကိုယ်ရောင် ဖျောက်လိုက်ပုံကလဲ”

ဘုံ ရေရွတ်လိုက်ဆဲ... ငွေစင်တို့ မုန့်တွေ တစ်ပွေ့တစ်ပိုက်နှင့် ပြန်ရောက်လာကြသည်။ အဲ့ဒါ သူတို့အကြံ အကုန်ပဲ.... ။ ဘုံနှင့် ခေါင့်ကို .... အမြန်ဆုံး နီးစပ်သွားစေလိုသော စေတနာတို့ဖြင့် .... နှစ် ယောက် တည်း ထားထားပစ်ခဲ့တာ.... မကြာခဏ အိမ်သာသွားမလို့.... မုန့်သွားဝယ်မလို့.... ဟိုလူ သွားရှာမလို့.... စသည်ဖြင့် မကုန်နိုင်သော အကြောင်းပြချက် တစ်ပုံတစ်ပင်နှင့် .... လစ်ထွက်သွားနေကျ။

ခေါင် ကတော့ သနားကမားနိုင်လှစွာ ရိုးဖြောင့်လှသူကလေးပီပီ.... အခုထက်ထိ ဘုံ့ကို မရိုးမသားစကား.... ရိသဲ့သဲ့လေးတောင် မပြောရှာ.... ။ ကွယ်ရာမှာ သာ.... ဘုံ့ ကိုတိတ်တခိုး.... စောင့်ကြည့် ပြုံး ပြုံး ကလေး ရှိနေတဲ့.... အဆင့်ကထက် မပိုသေး။ အင်မတန်...ရိုးသား အေးဆေးလှတဲ့ ယောက်ျားကလေး.... ။ ထစ်ချွန်းနှင့် တော့ ကွာချင်တိုင်းကို ကွာလေသည်။ ထို ရက်ရဲ ဇက်ရဲ သရုပ်ပျက် မင်းစာ ကတော့.... ဟို တစ်ခါ နောက်ဆုံး သူခံလိုက်ရချိန်မှစပြီး.... အခုထက်ထိ...ဘုံ့ကို ကလဲ့စားမချေသေး.... အနှောင့်အယှက်မပေး.... ရန် မစသေး ဘာတွေ မချိုကြိုးကြံနေသလဲ မသိတာမို့.... ဘုံ သတိတော့ ထားရသည်။

“မြယွန်းဘုံ.... ကျွန်တော် .... ”

“နေဦး.... နေဦး.... ခေါင်.... တစ်သက်လုံး မြယွန်းဘုံလို့ပဲ တရှည်တဝေးကြီး ခေါ်တော့မလို့လား ဟင်.... ”

“ကျွန်တော် ခေါ်ချင်တာကို ပြောချင်ပေမဲ့...ဟိုဒင်း.... ”

သူက.... ကုပ်သားလေးကို .... လက်ညှိုး ဖြင့် ဖွဖွကုတ်ပြီး.... ရှက်ရယ် ရယ်နေပြန်သည်။ ဘုံက.... မချင့်မရဲ ဖြစ်နေမိတာကို...ကျိတ်မှိတ်မျို ချဖုံးကွယ်ရင်း.... သူ မရှက်ရအောင် ကာကွယ်ပေးထားချင်စိတ်ဖြင့် ...ဘာမှ မသိသလို ဟန်ဆောင်ကာ....

“ခေါ်ချင်တာကိုခေါ်ပေါ့ ဘာ ဖြစ်လဲ...ခေါင်ရဲ့ ”

“ဒီမှာ ...ကျွန်တော် ရေး ထားတယ်...”

သူက စာအုပ်တစ်အုပ် ဆွဲထုတ်ကာ.... ဘုံ့ မျက်နှာရှေ့တည့်တည့်မှာ ထောင်ပြလေသည်။ စာအုပ်ရဲ့ နောက်ကျောတပြင်လုံးမှာ ခဲဖြင့် ဖွဖွ ရေး ခြစ်ထားသော စာလုံးကလေးတွေ ....။ “မြကလေး” .... “မြကလေး” တဲ့.... အို....။ ရှေးဆန်လှသလိုအခေါ်အဝေါ်မျိုး ဖြစ်သော်လည်း.... ဘာကြောင့် မှန်းမသိဘဲ .... ဘုံ အသည်းခိုက်အောင် ကြိုက်နှစ်သက် သွားရလေသည်။ ခေါင်.... ရှင်ကလေးဟာ ဘယ်လို လူကလေးတုံး.... ထုံအအလိုလို.... အေးစိမ့်စိမ့်လိုလို.... ဖြူစင်စင်လိုလို.... လိုလိုပေါင်းများ စွာနဲ့.... တကယ်တော့.... ဘုံ့ အပေါ်.... ဘုံအံ့သြဆန်းကြယ် မှင်တက်မိအောင် လေးနက်နိုင်လွန်းသူပါလား....။

“ကောင်းသားပဲ.... ခေါင်ရဲ့ .... အဲ့ဒီနာမည် လေးခေါ်ကြည့်ပြီး ခေါင် ခုနက ပြောမယ့်စကားကို ဆက်ပြောတော့.... ”

“ကောင်းရဲ့ လား မသိဘူး .... ”

“ကောင်းပါတယ် ဆို.... ”

“ဟော့.... ဘာတဲ့လဲဟေ...ဘာတဲ့လဲ.... ”

စိမ့်နှင့် ငွေစင်က.... စိတ်ဝင်တစားဖြင့် လှမ်းမေးနေကြတာမို့.... ဘုံက

နှုတ်ခမ်းကလေးကို စချွန်လိုက်ပြီး ထိုနှုတ်ခမ်းပေါ် လက်ညှိုး တင်ကာ.... ရှူး ခနဲ ဟန့်တားလိုက်သည်။ ခ အချိန်မှာ .... ခေါင် ရှက်သွားမှာ ကို.... ဘုံ စိုးရိမ်မိသည်။ "မြကလေးဆိုတဲ့ .... ရှေးကျကျ အခေါ်လေးကို နားထောင်ချင်လှသည်။ သူက စကား ဆက်မပြောတော့တာမို့....

"ငါ ဒေါသ ထွက်လာပြီနော်.... "

ဟု ဘုံက ခြိမ်းခြောက်လိုက်သည်။ သူက.... စွန့်စားလိုက်သော ဟန်ဖြင့် ....

"မြကလေး.... ကျွန်တော် သွားတော့မယ်.... "

တဲ့....။ သေလိုက်စမ်းပါတော့ဟယ်.... ဟု ဘုံ ဆန့်တငံ့ငံ့ ဖြစ်လျက်.... ခပ်သုတ်သုတ် လစ် ထွက်သွားသော ခေါင့် ကျောပြင်လေးကို.... မချိမဆန့်ဖြင့် ငေး မော ကျန်ရစ်ရတော့သည်။ အင်မတန် နှုတ်ဆွံ့နေးတဲ့ သတ္တဝါကလေး....။ ငါ မုန်းမိတော့မယ်နော်....။

"ဟင်.... မြကလေး ဆိုပါလား.... "

စိမ့်က ခပ်လှောင်လှောင် အသံဖြင့် .... အော်လို့ မဆုံးမီ ရယ်ချလိုက်သလို.... ငွေစင်ကလည်း....

"မမြကလေး.... မမြကလေး.... ဟီဟိ...သူ့ကျတော့လဲ.... ခေတ်နောက်ပြန်ဆွဲလိုက်တာ လွန်ရော.... "

"မနောက်ကြစမ်းပါနဲ့ ဟာ.... ငါ အသည်းယားလွန်းလို့"

"ကုတ်လိုက်ပေါ့ ဟယ်.... မမြကလေးကလဲ" ငွေစင်က နောက်လို့ မဆုံးတော့ချေ။

"မမိုက်ဘူးကွာ.... မောင် ခေါင် ကလည်း.... ဘယ်လိုစိတ်ကူးနဲ့များ .... အဲ့ဒီလိုခေါ်ဖို့ ကြိုး စားနေတာပါလိမ့်.... "

"ငါ ကြိုက်တယ် စိမ့်ရဲ့ .... "

“ဟဲ့ .... ငါ ပြောရဦးမယ်.... မနေ့က ထစ်ချွန်း ငါ့ အစ်ကိုဆီကိုလာတယ်.... သိလားဘုံ....

“အဲ့ဒါ ဘာလုပ်ရမှာ လဲ.... ”

ဘုံက ...ရတ်ခြည်းပင်....ရှုံ့မဲ့သွားလျက်.... ရန်ထောင်သံဖြင့် မေးလိုက်သည်။

“နင့်အကြောင်းပြောနေသံ ငါ ကြားခဲ့ရလို့ပေါ့ ဘုံရဲ့ .... ချွန်းက...နင့်ကို စိတ်ဝင်စားတဲ့အကြောင်း ငါ့ အစ်ကို ကိုပြောနေတာ.... ငါ့ နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာ .... ”

“ဝေါ့.... အော်ဂလီ ဆန်လိုက်တာ...စိမ့်ရယ်.... သူကလား.... ငါ့ကို.... ဟင်း ဟင်း ဟင်း.... ငါ့ကို အစိမ်းလိုက် ဝါးစားလို့ ရရင်တောင် ဝါးစားပစ်ချင်လောက်တဲ့အထိ ငါ့ကို ဒင်းက ငြိုး ထားတာ ငါ ကသိဘူးများ မှတ်နေလား.... ငါ သူ့ကို တွန်းချပစ်ခဲ့ပြီး .... ယူ.... အိုကေ.... လို့ ပြန်အော်ပစ်ခဲ့ တာကို.... သူ ဘယ်မေ့လိမ့်မလဲ.... သူ တစ်ခုခု ကြံနေလိမ့်မယ်ဆိုတာ.... ငါ သိသားပဲ...”

ဘုံက.... ပိုင်ပိုင်နင်းနင်းပြောလိုက်တော့.... စိမ့်ကဇဝေ ဇဝါ ဖြစ်သွားဟန်ဖြင့် ....

“ဟုတ်သားပဲ.... နင့်ကို သူ အငြိုး နဲ့ စိတ်ဝင်စားတာလဲ ဖြစ်နိုင်တာပဲနော်.... ငါ ကတော့.... ငါ့ သူငယ်ချင်း စွံလီပြီ အောက်မေ့ပြီး.... ဂုဏ်ယူမိတော့မလို့.... ”

“အမလေး.... ဒီသရုပ်ပျက် သတ္တဝါရဲ့ စိတ်ဝင်စားတာ ခံရတာ ကိုလဲ.... ငါ မသတီပါဘူးနော်.... ရက်လွန်းလို့.... သူ့ ဝတ်စားဆင်ယင်ပုံ.... အကျင့်စရိုက်နဲ့ .... စိတ်ထားတွေ ကို.... သိနေတော့.... သူနဲ့ ပတ်သက်ရမှာ ကိုတောင်...အရမ်း ရက်တာပဲ.... သိလား.... သူရန်စတာကို မခံနိုင်လို့သာ ငါ .... ပြန်ရင်ဆိုင်နေတာ ဖြစ်နိုင်ရင် သူ့ကို ဥပက္ခာပြု ထားလိုက်ချင်တာ.... စိမ့်ရဲ့ .... ”

“ဘာပဲ ဖြစ် ဖြစ်.... နင် သူ့ကို သတိတော့ထားကွာ.... သတိမလစ်မိစေနဲ့.... ”

“မေ့လိုက်ပါကွာ.... သူ့အကြောင်း မပြောချင်တော့ပါဘူး.... ကဲ.... အတန်းဝင်မယ်.... ”

ဘုံတို့ သုံးဦးသား အတန်းထဲ ဝင်လာခဲ့ကြသည်။ ဘုံ့ မျက်လုံးများ က.... ကျင့်သားရစွာ .... ခေါင် ထိုင်နေကျနေရာဆီ လှမ်းအကြည့်မှာ ပြုံး ပြုံး ကလေး လှမ်းကြည့်နေသော ခေါင့်ရဲ့ မျက်နှာကလေးကို.... လက်ဆောင် တစ်ခုလို မရိုးအီနိုင်စွာ .... ဘုံ ရရှိလိုက်လေသည်။ သူ့ကို နှာခေါင်းလေးတစ်ချက် .... မသိမသာ ရှုံ့ပြလိုက်ပြီး... ဘုံ နေရာမှာ ခပ်သွက်သွက် ဝင်ထိုင်လိုက်သည်။

ဆရာ စာသင်နေပြီလေ....။

*

လူခေါ်ခေါင်းလောင်းကိုမနှိပ်ဘဲ .... အိမ်တံခါးကို ဒုန်းခနဲ တစ်ချက်ထုလိုက်သံ ထွင်ပေါ်လာတာမို့ .... ဧည့်ခန်းထဲမှာ .... မိသားစုသုံးယောက် အေးအေးလူလူ စကားပြောနေသော .... ဘုံတို့ စကားဝိုင်းကလေး ပျက်သွားရတော့သည်။

ဘုံက တံခါးဖွင့်ပေးဖို့ ထိုက်ရာမှ ထရင်း....

“ဖေဖေ.... ဆက်မပြောနဲ့ဦးနော်.... ဘုံလာမှ ဆက်ပြော”

ဟု ဆိုလျက်.... တံခါးကိုဆွဲအဖွင့်မှာ .... ကျောခိုင်းထားရာမှ ချာခနဲ လှည့်လိုက်သော ထစ်ချွန်း၏ .... ကိုယ်ဟန်ဖွံ့ထွားထွားက.... ဘုံ့ကို လွှမ်းသွားသလို ဖြစ်ကာ.... ဘုံမျက်မှောင်ကြုတ်ပစ်လိုက်ပြီး.... လုတစ်ကိုယ်လုံး အပြည့်မထွက်တော့ဘဲ.... ခေါင်းကလေးပဲ.... ထုတ်ထားရင်းမှ....

“ဘာလဲ.... ”

ဟု ခပ် ဆတ်ဆတ် မေးခွန်းထုတ်လိုက်သည်။ သူက.... သူ့ရဲ့ မူပိုင် ထိီမထင်ဟန်ကို တစ်ရွေးသားမှ မလျော့ဘဲ ....

“စာတိုက်ကနေ နင့်နာမည် နဲ့ ပါဆယ်တစ်ထုပ် ရောက်လာတယ်....

နင်တို့အိမ်မှာ လူမရှိလို့ ပို့စမဲန်းက ငါတို့ခြံစောင့်ကို ပေးသွားတယ်.... နောက်ဆို....
နင်ကိုယ်တိုင် ခြံစောင့်တခွေလုပ်နေပြီး ခြံဝမှာ စာတိုက်ပုံးလေး ဘာလေးတပ်ဖို့ စိတ်ကူး.... ”

ဘုံ တောက်တစ်ချက် ပြင်းထန်စွာ ခတ်ပစ်လိုက်ပြီး.... သူ့လက်ထဲက စာအိတ်ညို ညိုကို ဆတ်ခနဲ ဆွဲလုလိုက်ပြီး....

“အင်မတန် မုန်းစရာကောင်းတဲ့ကောင်.... ”

ဟု ရေရွတ်လိုက်ပြီး တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ပစ်လိုက်တော့၏ ။

“ဟဲ့.... သမီး...ကြမ်းလိုက်တာ.... ဖေဖေ့ပစ္စည်း ငါ့ ပစ္စည်းလို့ သဘောထားမှပေါ့”

ဖေဖေက ခပ်နောက်နောက် လှမ်းအော်လိုက်သဖြင့် ဘုံတဟိဟိ ရယ်လိုင်ရင်း.... အထုပ်ကို ဖောက်သည်။ လက်ကဖောက်ရင်း.... ပါးစပ်ကလည်း....

“ဖေ့.... စာတိုက်ပုံးလေး လုပ်ပေးဦးနော်.... ပို့စမဲန်းက ဟိုဘက်ခြံကို ပေးသွားတယ်တဲ့.... နေ့လယ်ဆို ဘုံတို့ အိမ်မှာ လူရှိတာမဟုတ်ဘူးလေ.... “

“ဟုတ်တာပေါ့.... ဖေဖေ အဲ့ဒီအချက်ကိုမေ့နေတာ.... နေပါဦး...ငါ့သမီးဆီ စာတွေ ဘာတွေ လာလို့ပါလား.... ဘယ်သူတုံး.... ”

ဘုံ ဖေဖေ့ကို အဖြေမပေးနိုင်လောက်အောင်.... အလောတကြီး ဖြစ်သွားရကာ “ခံလိုက်ရပြီ” ဟု စိတ်ထဲက ရေရွတ်လိုက်မိလျက် .... ခံပြင်းစိတ်တိုသွားရတော့သည်။

“ကျောင်းက သူငယ်ချင်း တစ်ယောက် ဆီကပါ ဖေရဲ့ .... ဘုံ့ကို တမင်နောက်ပြီး စာထည့်လိုက်တာ.... တွေ့မယ်.... တွေ့မယ်.... နေနှင့် ဦး ဒင်းတော့.... ”

စိတ်တိုလှစွာ မြည် တမ်းရင်း အခန်းထဲတန်းဝင်လာကာ.... အထုပ်ထဲမှ ထွက်လာသော ကက်ဆက်ခွေလေးကို.... ဘုံ ကိုင်ပေါက် လွှင့်ပစ်ရခက်...ဖွင့်ကြည့်ရကောင်းနိုး ဇဝေဇဝါ ဖြစ်နေရလေသည်။ ထစ်ချွန်း ဆိုတဲ့ မှင်စာ လုပ်ကြံသွားပြမ်ပြီပေါ့။ တစ်စက်ကလေးမှ အယုံအကြည် ရှိစရာ မကောင်းတဲ့အကောင်.... ။

အခွေကို ဘယ်လိုမှ ဥပက္ခာမပြုနိုင်တော့တဲ့အဆုံး.... ကက်ဆက်ထဲ

ရိုးရိုးဇတ်ဇတ် ကောက်ထည့်ပြီး ဖွင့်လိုက်သည်။

"မြယွန်းဘုံ.... မင်းကို.... ငါ ချစ်တယ်...မင်းရဲ့ ရန်လိုနေတဲ့ အမူအရာတွေ ကို ချစ်တယ်.... ပြီးတော့.... မင်းရဲ့ အနိုင်ယူမှု တွေ ကို ချစ်တယ်.... မင်းနဲ့ကျမှ.... အရှုံးပေးရတဲ့... ငါ့ကို ငါတော့ မုန်းတယ်.... မင်းကို ပိုင်ဆိုင်ချင်စိတ်တွေ ဖြစ်လာတဲ့ ငါ့ရဲ့ နှလုံးသားကို ငါ မုန်းတယ်...မင်းရဲ့ ထစ်ချွန်း.... "

"အရူး.... နင်လောက်မိုက်မဲတဲ့ကောင်မျိုး ငါမတွေ့နိုင်တော့ဘူးသိလား...ထစ်ချွန်း.... အရူး.... "

ဘုံ ခပ်ကျိတ်ကျိတ်ရရွတ်လျက် ကက်ဆက်ကို ချောက်ခနဲ ပိတ်ပစ်လိုက်သည်။ စာနဲ့သာရေး ထားမယ်ဆိုရင်.... ဘုံ ဆွဲဆုတ်ပစ်မှာ ကြိုသိနေပုံရသော .... သူက....

မြယွန်းဘုံ....

အဲဒီ အခွေကို ဖွင့်နားမထောင်မိလိုက်ရင်

မင်း.... နောင်တရနေလိမ့်မယ်....

ထစ်ချွန်း

ဟူသော စာတိုကလေးဖြင့် .... ဘုံ ကက်ဆက်ခွေကို နားထောင်ချင်စိတ် ဖြစ်လာအောင် သိမ်းသွင်းဆွဲဆောင်ပစ်ခဲ့သည်။ ဘုံကလည်း မိုက်မဲလှစွာ သူ့အခွေကို ဖွင့်နားထောင်လိုက်တော့ .... ဘုံ့ကို ရည်းစားစကား အသံသွင်းလျက် ပြောခြင်းကို အငိုက်မိခံလိုက်ရပြီ ဖြစ်သည်။

"ဒါ သွေးရိုးသားရိုး မဟုတ်ဘူး.... ဘယ်နည်းနဲ့မှ မ ဖြစ်နိုင်ဘူး.... နင် ငါ့ကို မလှည့်ဖျားနဲ့နော်ထစ်ချွန်း...နင်နဲ့ငါ ဘယ်တော့မှ မပတ်သက်ချင်ဘူး.... "

ဘုံ တတွတ်တွတ်ရေရွတ်ပြီး...ကက်ဆက်ခွေလေးမှ တိပ်သားတွေ ကို ဆွဲထုတ် ညှပ်ပစ်လိုက်လေသည်။ အံ့သြစရာကောင်းသော စိုးရိမ်မှု တစ်စသည် ဘုံ့နှလုံးသားထဲ ငြိကျန်ခဲ့သည်။ ဒီလောက်.... မျက်မာန်ရှတတ်...ရန်ငြိုး သိတတ်....

လက်စားချေတတ်လွန်းသော ယောက်ျား တစ်ယောက် ရဲ့ ချစ်စကားဟာ.... ပရိယာယ်တစ်ခုမှလွဲပြီး တခြားဘာမှ မ ဖြစ်နိုင် ဘုံ သတိထားနေမှ ဖြစ်တော့မယ်.... ဘုံ အစိုးရိမ်လွန်နေတာ မဟုတ်ဘူး.... သူ တစ်ခုခု ကြံစည်နေပြီဆိုတာကို.... ဘုံ အလိုလို ရိပ်မိနေတယ်....။

ဘုံ.... ပြတင်းပေါက်တံခါးလေးကို ဆွဲပင့်တင်လိုက်ပြီး.... တစ်ဖက်ခြံသို့ လှမ်းကြည့်လိုက်မိသည်။ ဟော .... ဘုံအခန်းကို သူစောင့်ကြည့်နေတယ်....။

ဘုံ ကပျာကယာဖြင့် .... ပြတင်းပေါက်တံခါးကို ပြန်ဆွဲချလိုက်သည်။ တကယ်တော့ အဲ့ဒါကိုက...ဘုံ့ အမှား ဖြစ်သည်။

*

# အခန်း (၄)

"ဘုံ.... နင့် ခေါင့်သတင်းကြားပြီးပြီလား.... "

စိမ့်က.... ဘုံ့ကိုမြင်တာနှင့် ကမန်းကတန်း အမူအရာဖြင့် .... လှမ်းမေးလိုက်သဖြင့် .... ဘုံက....

"ဘာမှ မကြားရသေးဘူး စိမ့်ရဲ့ .... ခေါင် ဘာ ဖြစ်လို့လဲ.... "

ဟု.... စိတ်ဝင်တစား ပြန်မေးလိုက်၏ ။ မနေ့က ဘုံနေမကောင်းသဖြင့် ကျောင်းမတက် ဖြစ်ခဲ့၊ ဒီနေ့မှ ကျောင်းကိုစောစောလာပြီး.... စာကူးစရာတွေ ကူးဖို့.... စိမ့်တို့ကိုပါ စောစောလာဖို့ မှာ ခဲ့တာ ဖြစ်သည်။

"မနေ့က နင်ဖုန်းဆက်တော့ ငါပြောမလို့ပဲ.... ဖုန်းထဲကနေ မကောင်းပါဘူး ဆိုပြီး.... ငါမပြောတော့တာ.... ဘေးမှာ .... ဖေဖေနဲ့ မေမေလဲရှိနေတာနဲ့..."

ဟု စိမ့်က အစချီလိုက်ပြီးမှ....

"မနေ့က.... ကျောင်းထဲမှာ ... ခေါင်နဲ့ ထစ်ချုန်း တို့ ရန် ဖြစ်ကြတယ်.... "

"ဘာ.... "

ဘုံ့ နားထဲ.... ပြီးတော့ လည်ချောင်းထဲ ပူခနဲ ဖြစ်ကာ.... ရင်တထိတ်ထိတ် တုန်လှုပ်သွားရသည်။ ဘုံ.... ဘယ်လိုမှ မျှော်လင့်မထားခဲ့သော အ ဖြစ်အပျက်....။

"ဘာတွေ ဖြစ်ကုန်တာလဲ... သူတို့ နှစ် ယောက် ကြားမှာ .... ရန် ဖြစ်ရလောက်အောင် ဘာပြဿ နာရှိလို့လဲ.... သူတို့နှစ် ယောက် သိကြတာမှမဟုတ်ဘဲ.... ဟင်.... "

ဘုံ.... သွေးပျက်လုလုနီးနီး.... အံ့ဩစိတ်လှုပ်ရှားကာ...ကမူးရှူးထိုး ရေရွတ်လိုက်သည်။

"အဲ့ဒါတော့ ငါမသိဘူးဘုံ.... သူတို့ပဲ သိမှာ .... ငါတို့ကြားတာ ကတော့ သူတို့တွေ

မော်ကွန်းထိန်းဆီအထိ ရောက်ကုန်ကြတယ်တဲ့.... လက်မှတ်ထိုးရတယ်ဆိုလား မသိဘူး.... ”

“ဘုရား.... ဘုရား.... ”

ဘုံ ရင်ဘတ်ကိုဖိလိုက်ပြီး ဘုရားတ မိကာ.... ဒိုချပစ်ချင်လောက်တဲ့အထိ စိတ်ရှုပ်ထွေးသွားသည်။

“ငါ့ ကြောင့် များ လား မသိဘူးနော် စိမ့်...ငါနဲ့ ပတ်သက်နေလိမ့်မယ် ထင်တယ်.... ”

“အင်း.... “

“ သွားပါပြီ.... မြယွန်းဘုံကြောင့် ယောက်ျားနှစ် ယောက် ရန် ဖြစ်ကြရတဲ့အထိ ဖြစ်ကုန်တယ်ဆိုတဲ့... နာမည် ကြီးသာ ထွက်လာရင် ငါတော့ အဖတ်ဆည်လို့တောင် ရတော့မှာ မဟုတ်ဘူး...ဒါ သွေးရိုးသားရိုးမ ဖြစ်နိုင်ဘူး.... နင် ဘယ်လိုထင်လဲ စိမ့်.... ထစ်ချုန်းတော့.... ငါကို.... ကောင်းကောင်းကြီး အရှက်ခွဲ လက်စားချေလိုက်ပြီ ထင်တယ်.... ဟင်း........ ”

ဘုံ.... သွေးရူးသွေးတန်း ဖြစ်လာသည်။ ကျောင်းထဲကလူတွေ ရဲ့ မျက်လုံးပေါင်းများ စွာ ဘုံ ထံသို့ .... ပြေးကပ်ပိပြုံကျလာသလို...နှုတ်ခမ်းပေါင်းများ စွာ .... အဆမတန်လှုပ်ခတ်လျက်.... ဘုံ့ အတင်းတွေ ပဲ ဝိုင်းပြောနေသလို.... ဘုံ ခံစားလိုက်ရပြီး... မျက်နှာတစ်ပြင်လုံး.... လက်ဖဝါးတွေ ထဲ နှစ် မြှုပ်ကွယ်ဝှက်ထားလိုက်မိလေသည်။ ဘုံ့ တစ်သက်မှာ .... ဒီလောက် ရှက်ဖွယ်ကောင်းသော အ ဖြစ်အပျက်မျိုး ... တစ်ကြိမ်တစ်ခါမျှ.... မကြုံတွေ့မျှဖူးခဲ့။ သွားပြီ.... သွားပြီ.... ဘုံ့ရဲ့ ဣန္ဒြေသိက္ခာ.... နာမည် အဆင့်အတန်း.... အားလုံးဟာ...ရစရာ မရှိတော့လောက်အောင် နိမ့်ပြုပဲ့ရွဲ့သွားကုန်ပြီ....။ ဒီလို အ ဖြစ်မျိုး သို့ ရောက်အောင်.... သူ.... သူ တွန်းပို့ခဲ့တာ....။

ဘုံ အံကြိတ်လိုက်ကာမှ.... မျက်ရည်တို့.... လွင့်စဥ်ကျလာခဲ့သည်။

“မငိုနဲ့လေ ဘုံ.... ငါ အတန်တန် သတိပေးခဲ့ဖူးပါတယ်.... ထစ်ချုန်းနဲ့ ရန်စ

မရှိပါစေနဲ့လို့.... အခု.... နင်တောင် ဘာမှမသိရဘဲ.... ပြဿနာ ဖြစ်ပြီ မဟုတ်လား.... ”

“ငါနဲ့လဲ.... ဘာမှမဆိုင်ဘဲနဲ့ ဟယ်.... ”

ငိုသံကလေးဖြင့် .... ဘုံ နာကျင်စွာ ရေရွတ်လိုက်သည်။ စိမ့်က စိတ်မကောင်းသော အသံဖြင့် ....

“ငါ နင့်ကို ဖုံးကွယ်မထားချင်ဘူး ဘုံ.... နင့်နာမည် ထွက်လာတာတော့ အမှန်ပဲ... ခေါင်နဲ့ နင်နဲ့က တွဲ နေတယ်.... တခြားလူတွေ မသိတောင် ငါတို့ ဆက်ရှင်ကလူတွေ .... သိနေတယ်.... ထစ်ချွန်းနဲ့ နင် ကဲန်တင်းမှာ ပြဿနာ ဖြစ်ခဲ့တာရော...နင့်ကို ထစ်ချွန်း လာစောင့် ကြည့်နေတာရော...အဲ့ဒါတွေ နဲ့ ဆက်စပ်ပြီး.... နင့်ကိုလုရင်း ယောက်ျားလေးနှစ် ယောက် ရန် ဖြစ်ကြတာလို့.... ”

“တော် ပါတော့.... တော် ပါတော့ စိမ့်ရယ်...ငါ ရှက်လွန်းလို့ သေတော့မယ်.... ”

ဘုံ့ အသံက တုန်ခါမှု ကြောင့် ပီပီသသ မရှိတော့ပါ....။ ဘုံ.... ဘယ်လိုမျှင်နာမျိုး နဲ့ အတန်းထဲ ပြန်ဝင်ရပါ့မလဲ....။ ဘုံ.... ကျောင်းတစ်ရက်ပျက်ခိုက်မှာ .... ကြောက်စရာကောင်းသော အပြောင်းအလဲတစ်ခု ဖြစ်ပွားခဲ့နှင့် ပြီးပြီ....။

“ငါ အိမ် ပြန်တော့မယ်.... ”

“ဘုံရယ်.... နင် ဒီလောက်ရှက်သွားလိမ့်မယ်လို့.... ငါ မထင်လို့ ဖွင့်ပြောလိုက်မိတာ... ပြဿနာက ဖြစ်ပြီးသွားပြီ.... နင်ရှောင်ပြေးလို့ရော.... လွတ်မှာ လား ရဲရဲသာရင်ဆိုင်လိုက်... ကိုယ် မဟုတ်ရင် ပြီးတာပဲ.... ကိုယ့်ဘက်က မှန်နေဖို့သာ အရေး အကြီးဆုံး.... “

“ငါ့ နေရာမှာ နင်သာဆိုရင် .... နင်လဲ ခုလောက်ဆို ထူပူ နေလောက်ပါပြီ စိမ့်ရယ်.... အလွယ်လေးမပြောပါနဲ့.... ခု သူတို့ ဖြစ်ခဲ့တဲ့ ပြဿနာဟာ.... မိန်းကလေး တစ်ယောက် အတွက် ဘယ်လောက် အထင်သေးခံရမယ့် အ ဖြစ်အပျက်လဲ.... ငါ ကပဲ ကောင်လေးနှစ် ယောက် စလုံးကို မြှူဆွယ် ဖြားရောင် း ထားခဲ့မိသလို ပုံစံမျိုး ကြီးပါ....

စိမ့်ရယ်.... ”

“အဲ့ဒီလို ဖြစ်အောင်.... ထစ်ချွန်းလုပ်ခဲ့တာလို့ ငါ ထင်တယ်ဘုံ.... နင် သူ့ကို အရှုံးပေးမလို့လား.... သူ ဖြစ်စေချင်သလို.... နင် အကြီးအကျယ် အရှက်ကွဲပြီး ရှုံးနိမ့်သွားရတယ်ဆိုရင်... သူ ဝမ်းသာမှာ ပေါ့ ...”

“ငါ.... ဒင်းကို သတ်ချင်တယ်.... စိမ့်.... ငါ သူ့ကိုလုပ်ခဲ့မိတာက အသေးအဖွဲလေးတွေ ပါ.... သူ ငါ့ကို ပြန်တုံ့ပြန်တာက ရက်စက်လွန်းတယ်.... ”

ဘုံ တီးတိုး ရေရွတ်လိုက်မိသည်။ ဘုံတို့ ခြံစည်းရိုးကို ကျော်လွှားခုန်ပေါက်ပြီး ကစားခဲ့တုန်းက.... ဘုံ နစ်နစ်နာနာပြောမိတော့ ရှုံ့ ရှုံ့ ရှားရှား ဒေါသထွက်နေသော မျက်နှာဖြင့် ....

“ငါ့ နာမည် ထစ်ချွန်း နင် ဘယ်တော့မှ မမေ့မယ့် ထစ်ချွန်း.... ”

ဟု ကြိမ်းဝါးရေရွတ်ခဲ့သော မြင်ကွင်း.... ကဲန်တင်းထဲမှာ ဘုံ့ကို သည်းမခံနိုင်လောက်အောင် လှောက်ပြောင် ရန်စခဲ့စဉ်က သူ့မျက်နှာကို ရေနွေးပူပူဖြင့် ပက်လိုက်မိသော အခါ.... ရန်းရင်းဆန်ခတ် ဖြစ်ကျန်ခဲ့သော ထစ်ချွန်းရဲ့ ဒေါသများ နောက်တစ်ခါ... ဘုံ့ကို ကားဟွန်းသံဖြင့် ကင်နှောင့်ယှက် ရန်လိုခဲ့စဉ်က ဘုံ သူ့ကို ဒေါသတကြီး ပိတ်တွန်း ပစ်ခဲ့မိတော့....

“မင်း ထစ်ချွန်းအကြောင်း ကောင်းကောင်းသိစေရမယ်.... “

ဟုခြိမ်းခြောက် မြည် တမ်းခဲ့သော .... ထစ်ချွန်းရဲ့ ရန်ငြိုး သိုသော မျက်နှာ စသော မြင်ကွင်းများ က ဘုံ့ အာရုံတွေ ထဲ ကဆုန်ပေါက်လျက် ဝင်ရောက်လာခဲ့ကြသည်။ အဲ့ဒီ အ ဖြစ်အပျက်တွေ အတွက်.... သူ.... ဘုံ့ကို လှလှပပကြီး ကလဲ့စားချေပစ်ခဲ့ပြီပေါ့လေ....။

“သူသေသွားရင် သိပ် ကောင်းမှာ ပဲ.... ”

ဘုံ နာနာကြည်းကြည်း ကျိန်ဆိုလိုက်မိကာ.... စိမ့် လက်ကိုဆွဲလျက်....

“စိမ့်.... ငါ့ကို ကားဂိတ်အထိ လိုက်ပို့ပေးစမ်းပါ.... ငါ ဒီနေ့ တစ်နေ့တော့

အိမ်ပြန်ပါရစေနော်.... မနက်ဖြန် ငါ ကျောင်းတက်ပါ့မယ်.... ”

“ကတိနော် ဘုံ.... နင် ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုဘူး ဆိုတာကို ခေါင်းထဲ သွင်းလာခဲ့.... ကြားလား.... ”

စိမ့် စကားကို ဘုံ လက်မခံနိုင်လောက်အောင်...ရှိသွားရသည်။ လူဆိုတာ သူ့အသိုင်းအဝိုင်း လူ့ပတ်ဝန်းကျင်မှာ .... “ဂုဏ်” ဆိုတဲ့ အရာတစ်ခုကို အမှီပြု ပြီးနေထိုင်ကြရတာ ....။ အထူးသဖြင့် မိန်းကလေး တစ်ယောက် ရဲ့ ဂုဏ် ဆိုတာ.... ဘယ်လို အရာမျိုး နဲ့မှ တန်ဖိုး မဖြတ်နိုင်တဲ့ အရာပါကွယ်။ ဘုံဟာ.... ယောက်ျားလေးတွေ နဲ့ ပတ်သက်လာရင် အင်မတန် အပြစ် အနာ အဆာ ကင်းမဲ့ ဖြူစင် ရှင်းသန့်ခဲ့သူပါ....။

ဘုံ့ရဲ့ အသက် ဆယ့်ရှစ်နှစ် ကျော်.... ဆယ့်ကိုးနှစ် တွင် းမှာ ဘုံ ပတ်သက် ရင်ဆိုင်ခဲ့ရတဲ့ ယောက်ျားလေး သူစိမ်းဆိုလို့.... ထူးထူးခြားခြား ထစ်ချွန်းနှင့် .... ခေါင်.... နှစ် ယောက် တည်းပဲ ရှိခဲ့ပါသည်။ အဲ့ဒီလောက် အတွေ့အကြုံကင်းစင်ခဲ့ပြီးမှ.... မမျှော်လင့်ဘဲ နာမည် ဆိုးတစ်ခု ရလိုက်သော အခါ .... ဘုံ့ရဲ့ ခံစားမှု ကို ပြောပင်မပြောပြတတ်တော့ပါ။ ဘုံဟာ တကယ့်ကို အရိုင်းသက်သက်ပါပဲ....။ မာယာ.... ပရိယာယ်လည်း မတတ်မြောက်ပါ...။ အရာရာကို ပွင့်လင်းရိုးသားစွာ ရင်ဆိုင်ခဲ့သည်ချည်း....။ တကယ့်ကို ဟန်ဆောင်မှု ကင်းမဲ့သည်မို့ ဟန်ဆောင်မှု အတတ်ပညာကို ဘုံ မတတ်မြောက်ခဲ့ပါ....။ ဒေါသထွက်ရင် ထွက်တဲ့အတိုင်း မုန်းရင်မုန်းတဲ့အတိုင်း ရန်လိုရင် ရန်လိုတဲ့အတိုင်း ဟော့ဟော့ ဒိုင်းဒိုင်း ဖြောင့်မှန်မိခဲ့သူမို့ .... ယောက်ျား တစ်ယောက် နှင့် ပဋိပက္ခ ဖြစ်ခဲ့ရမှု များ အပေါ် ဘုံ .... မမှား းသင့်သော အမှား းတွေ မှာ းယွင်းခဲ့သည်။ ဒီတော့ ယောက်ျား တစ်ယောက် ရဲ့ ငြိုး တေးမှု နဲ့ ကလဲ့စားချေမှု တွေ ကို.... ဘုံ မမျှော်လင့်ဘဲ တန်ပြန်ရရှိခဲ့ရပြီ....။

အရှက်တရားနှင့် ... ကြီးပြင်းရှင်သန်ခဲ့ရသော မိန်းမငယ်လေး တစ်ယောက် ပီပီ... ဘုံ့ အရှက်သိက္ခာတွေ ကို...စောင့်ထိန်းခဲ့သည့်ကြားမှ.... “မိန်းမရှုပ်ကလေး” ဟူသော သဘော သက်ရောက်ခဲ့ရသည့် ပြဿ နာထဲမှ.... ဘုံ အရှက်သည်းစွာ ...ထွက်ပြေး လွတ်မြောက်လိုခဲ့ပါသည်။

ဘုံတို့ ကားဂိတ်မှာ ကားစောင့်နေဆဲ...ခေါင့် ကားကလေးက... ဘုံ့ရှေ့သို့ .... လျှောခနဲ ထိုးစိုက်လာခဲ့သည်။နှာခေါင်းမှာ ကန့်လန့်ဖြတ် ကပ်ထားသော ပလတ်စတာနှင့် .... မေးရိုးမှာ .... ညိုမည်း စွဲနေသော ဒဏ်ရာဖြင့် ခေါင့် မျက်နှာကို တွေ့လိုက်ရသော အခါ.... ဘုံ.... ပို၍ အသည်းနာသွားရလေသည်။

"မြကလေး...ဘယ်သွားမလို့လဲ..."

"အိမ်ပြန်တော့မလို့..."

ဘုံက မျက်နှာကို ငုံ့စင်းစင်းချလိုက်ကာ.... မျက်နှာနီနီ အသံပျက်ပျက်ဖြင့် ခပ်တိုးတိုးပြောသည်။

ကျွန်တော် ပြောချင်တာကလေးတွေ ရှိလို့.... ခဏ လိုက်ခဲ့နိုင်မလား...မစိမ့် ပါ လိုက်ခဲ့ပါ.... ဖြစ်နိုင်မလား မြကလေး....။

ဘုံ.... သက်ပြင်းတစ်ချက် ချလိုက်မိရုံမှအပ.... ငြင်းဆန်ခြင်းလည်း မပြုမိဘဲ စိမ့်လက်ကိုဆွဲကာ... ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်သည်။

ခေါင်က.... စကားမဆိုတော့ပဲ ကားကို အင်းလျားကန်စောင်းဘက်သို့ ဦးတည်လာခဲ့သည်။ ကန်းစောင်းရောက်တော့.... ကားပေါ်မှ မဆင်းမိဘဲ.... ခေါင်ကစ၍ ....

"မနေ့က အ ဖြစ်အပျက်ကို.... အစအဆုံး ပြောဖို့ ကျွန်တော် မှာ တာဝန်ရှိတယ်လို့ ထင်လို့ပါ မြကလေး... တကယ့်ကို တစ်ဖက်သတ် ဗလိုင်းကြီးခံလိုက်ရတာ .... ပြဿ နာ ဖြစ်ရင် မြလေးနာမည် ကို အနည်းနဲ့အများ ထိခိုက်နိုင်တယ်ဆိုတာ ကျွန်တော် သိတယ်.... ဒါကြောင့် ရှောင်ဖို့ ကြိုး စားသေးတယ်.... မရဘူးဗျ.... သူတို့က လေးယောက် .... ကျွန်တော် က တစ်ယောက် တည်း.... "

ဘုံ.... သူ့မျက်နှာကို.... အသာငေးစိုက်လျက်.... သူ့ စကားသံတို့ကို... အားစိုက်နားထောင် နေမိသည်။ နှုတ်ဆိတ်ကြေကွဲစွာ ...နာကြည်းလျက်....။

"မနေ့က.... မြလေးကျောင်းမတက်တော့.... ကျွန်တော် တစ်ယောက် တည်း

အတန်းပြင် ကော်ရစ်ဒါမှာ ရပ်နေခဲ့တဲ့ အချိန်မှာ .... ”

*

ဒီတစ်ခါနဲ့ပါဆို.... ဒီကောင်တွေ ဖြတ်လျှောက်တာ.... လေးခေါက်ရှိပြီ.... ဟု စိတ်ထဲက မှတ်ထားလိုက်ပြီး သူ့စိတ် အနှောင့်အယှက် ဖြစ်စ ပြုလာသည်။ မြယွန်းဘုံကို လာလာကြည့်နေသူ ဒီဇိုင်းဆန်းဆန်းနှင့် ကောင်ကို.... သူ ပို၍ မျက်မုန်းကျိုး လေသည်။ ဆံပင်ပုံစံကိုလည်း ကြည့်မရ....။

အနက်ရောင် လယ်သာဂျာကင်မှာ .... ဘာသတ္တဝါရဲ့ ခေါင်းမှန်းမသိ ကပ်ထားတာကိုလည်း မျက်စေ့နောက်....။ ထောင့်မကျိုး သော မျက်နှာပေးနှင့် .... ပခုံးခပ်ကြွကြွနှင့် လမ်းလျှောက်ဟန်ကိုလည်း.... မုန်းလှစွာ ....။ တစ်ခါဖြတ်သွားတိုင်း.... သူ့ကိုလေးယောက် စလုံး.... ရိထေ့ထေ့ မျင်လုံးများ ဖြင့် .... ဆောင့်ကြွားကြွား ကြည့်သွားကြတာကိုလည်း ခံပြင်းလှစွာ ....။ ဝါ့ခ်မဲန်း ကက်ဆက်ကလေးကို.... ခါးပတ်နှင့် တွဲ လျက် ဘူးကလေထဲမှာ ရှိစေလျက်.... နားကြပ်တပ်ထားကာ.... သီချင်းနားထောင်ရင်း.... ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ထို တစ်ယောက် က...အချိုး မပြေဆုံး....။

နောက်တစ်ကြိမ် အဖြတ်မှာ တော့... ထိုလူက... သူ့ကို တည့်တည့်ကြည့်ကာ....

“ဘာကောင်လဲကွ.... ကောက်ရိုးပုံစောင့်တဲ့ခွေးလိုလို.... ဂန်ဒူးလိုလိုနဲ့... မြယွန်းဘုံ အနားမှာ .... ”

ဟု ပြောသွားပြန်သည်။ မြကလေးနှင့် ပတ်သက်နေပြီမို့.... သူ ပြဿ နာမတက်ချင်... ဟိုးလေးတကျော်ကျော်နှင့် မြလေး သိက္ခာကျမှာ ကို.... သူမလိုလား....။ ဒါကြောင့် သူ အတန်းထဲဝင်ဖို့ ဆုံးဖြတ်ပြီး ခြေလှမ်းပြင်လိုက်စဉ်.... ထိုလူက.... ခြေတစ်ဘက် ထိုးခံလိုက်တာကြောင့် .... သူ ဟန်ချက်ပျက်ပြီး... ဟပ်ထိုးလဲတော့မလို ဖြစ်သွားရကာ.... ထောင်းခနဲ ဖြစ်သွာသည်။

"သူငယ်ချင်း.... မင်းလွန်ပြီ.... "

"လွန်တော့ မင်းက ဘာလုပ်ချင်လဲ ဟော့ကောင်.... မြယွန်းဘုံနားမှာ ရှိနေတဲ့ အမှုက်တွေ သရိုက်တွေ ငါ မမြင်ချင်ဘူး.... မင်း.... ရှောင်"

ထို တစ်ယောက် က ရင့်ရင့်သီးသီး ပြောသလို ကျန်သုံးယောက် မျက်နှာတွေကလည်း ပမာမခန့် ရန်စလိုသော မျက်နှာပေးတွေ ကိုယ်စီဖြင့် ။

"ဘာတွေ လာပြောနေတာလဲ.... ကျောင်းထဲမှာ ကွာ.... "

သူလည်း ယောက်ျားပီပီ.... သိသိသာသာကြီး ရန်စနေသော ကျောင်းသားတွေကို .... သည်းခံလိုစိတ်မရှိ....။ မြလေးနှင့် ပတ်သက်နေသော ပြဿ နာမို့သာ.... သူ့စိတ်ကို ဒီလောက်အချိန်ကြာကြာ ဆွဲဆန့်ထားနိုင်တာ ဖြစ်သည်။ နို့မို့လို့ကတော့ ရှေ့ကကောင်၏ မျက်နှာကို.... ညိုမည်းသွားအောင် လက်သီးပြင်းပြင်းဖြင့် ခွပ်ခနဲနေအောင် ထိုးချလိုက်ပြီးပြီ.... ။

"မင်း.... မြယွန်းဘုံနဲ့ ကင်းကင်းရှင်းရှင်းနေဖို့.... ငါ ပြောနေတာကွ.... မြယွန်းဘုံကို .... ငါ လိုက်နေတာ.... "

"အဲ့ဒါ မင်းကိစ္စပဲ.... ငါ နဲ့ ဘာဆိုင်လဲ.... "

"မင်းရှောင်လို့ ပြောနေတယ်.... မင်းရှောင်.... မင်းရှောင်.... ဒါပဲ ငါ ပြောမယ်.... "

"ဟာကွာ.... တောက်.... "

သူ ဒေါသ ထွက်လာကာ.... ရှေ့မှ လမ်းပိတ်ရပ်နေသူကို တွန်းဖယ်ပစ်ပြီး အတန်းထဲဝင်ဖို့ ကြိုး စားလိုက်သည်....။ ထိုစဉ်မှာ ပဲ.... သူ့ မျက်နှာတည့်တည့်ဆီသို့ .... ခွပ်ခနဲမြည် အောင် ပြင်းထန်သော လက်သီးတစ်လုံး ဝင်လာကာ.... သူ့ မျက်လုံးတွေ ထဲ မီးပွင့်သွားလေသည်။

သူ့ ထံမှာ သည်းခံမှု အတိုင်းအတာ.... ကုန်ဆုံးသွားခဲ့ပြီမို့.... သူ တတ်သမျှ မှတ်သမျှဖြင့် ရှေ့မှာ မြင်သမျှကို လက်သီးဖြင့် ထိုးချပစ်လိုက်သည်။ သို့သော် သူ့

မျက်နှာဆီ.... နှာခေါင်း တည့်တည့်ဆီသို့ .... ပြင်းထန်သော လက်သီးများ တရစပ်ကျလာကာ.... သူ လူးလိမ့်ခံနေရသည့်မှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကာ.... ကျောင်းသူတစ်ချို့ ရဲ့ အလန့်တကြား အော်ဟစ်သံ.... ကျောင်းသားတစ်ချို့ ရဲ့ ဝင်ရောက် ဖျန်ဖြေတားမြစ်သံများ ထွက်လာခဲ့သည်။ သူ့မှန်ထူနေပြီး.... ပတ်ဝန်းကျင်ကိုတောင် မမြင်တော့....။

သိပ်မကြာခင် ဆရာနှစ် ယောက် သုံးယောက် ရောက်လာပြီး.... ဝင်ဆွဲချုပ်နှောင်ထားလိုက် သဖြင့် .... ရန်ပွဲကအဆုံးသတ်သွားသည်။ သူတို့အားလုံး.... နောက်ဆုံးတော့.... မော်ကွန်းထိန်းရုံး ခန်းသို့ ရောက်ခဲ့ရသည်။ မော်ကွန်းထိန်းရဲ့ ဆုံးမစကားများ ကို နာခံရပြီးနောက်.... နောက်တစ်ကြိမ် ထပ်မံရန်မ ဖြစ်တော့ပါ.... ဆိုသော ဝန်ခံကတိပြုလွှာ.... လက်မှတ်ရေး ထိုးလိုက် ကြရသည်။

“နောက်တစ်ကြိမ် ရန် ဖြစ်ရင်တော့.... ကျောင်းထုတ်တဲ့အထိ အရေးယူခံရမယ်.... မြလေး အ ဖြစ်အပျက်တွေ အားလုံးဟာ အဲ့ဒါပဲ.... ကျောင်းထဲမှာ အမျိုး မျိုး သတင်းတွေ ပျံ့ကုန်တယ်.... မြလေးနဲ့ ပတ်သက်ပြီး ရန် ဖြစ်တာ ဆိုတဲ့သတင်းက ဘယ်ကဘယ်လို ထွင်လာခဲ့သလဲ မသိဘူး ကျွန်တော် အဲ့ဒီအတွက် စိတ်ထိခိုက်ရတယ်.... ကျွန်တော် က ဘာမှအရေး မကြီးဘူး.... မြလေးက အရေး ကြီးတာ.... ဒီနေ့ မြလေး ကျောင်းမလာပါစေနဲ့လို့တောင် ကျွန်တော် ဆုတောင်းနေတာ မြလေးကို.... ကားဂိတ်မှာ တွေ့ လိုက်ရတော့.... ရင်ဆို့သွားတာပဲ“

ဘုံ.... အံတင်းတင်းကြိတ်ထားကာ.... ငြိမ်သက်စိမ်းမြနေသော အင်းလျားကန်ရေပြင်ဆီကို သာလှမ်းကြည့်ငေးစိုက်နေမိသည်။ ဘုံ့ ရင်ထဲမှာ တော့.... ဗလောင်ဆူနေတာ ဘယ်သူ ကိုယ်ချင်းစာနိုင်မလဲကွယ်။ ငြိမ်သက်မှု က ကြောက်စရာကောင်းနေဆဲမှာ ....

“စိမ့်လဲ.... ဘုံ့ကို ဒီအကြောင်း ဖုန်းနဲ့လှမ်းပြောဖို့ စဉ်းစားသေးတယ် ခေါင်.... ဒါပေမယ့် .... စိမ့် ကိုယ်တိုင်လဲ အကြောင်းစုံ သိရသေးတာ မဟုတ်ဘူး.... သတင်းကြားတွေ နဲ့ပဲ စိတ်ပူနေမိတာ ဒီမနက် ဘုံ ရောက်လာမှပဲ.... လူချင်းတွေ့တော့မှ ပြောလိုက်မိတာ”

စိမ့်အသံက.... အေးဆေးစွာ ထွက်ပေါ်လာသည်။ ဘုံ နှုတ်ခမ်းတောင် မဟချင်လောက် အောင် စိတ်ဓာတ်ကျ အရုက်သည်းထန်နေရသည်။ ပတ်ဝန်းကျင်ကို ဘုံ ဘယ်လိုမျှင်နှာပြရမလဲ ။ ဟင့်အင်း.... ဟင့်အင်း.... ဘုံ မတွေ းရဲဘူး.... ဆက်မတွေ းပါရစေနဲ့ကွယ်....။

ဘုံ ရှိုက်ကြီးတငင် ငိုချပစ်ချင်လာပြီမို့.... ဘုံ့ မျက်နှာပြင်မှ သွေးကြောမျှင်ကလေးတွေ တလှုပ်လှုပ် ခုန်ပေါက်နေသည်။ မျက်နှာမှ အကြောအမျှင်တွေ ပြတ်ထွက်ကုန်တော့မလား ထင်ရလောက်အောင် တောင့်တောင့်တင်းတင်းကြီး ဖြစ်နေတာ....

ဆိုးလိုက်တာ.... ဆိုးရွားလိုက်တာ။ ဘုံ ဘယ်လို ထွက်ပေါက်ရှာရပါ့မလဲ.... ဘုံ့ ခေါင်းပေါ် လောကကြီး တစ်ခုလုံး နိမ့်ဆင်းပြိုကျလာသလို.... ချောင်ပိတ်မိကာ ညပ်နေသည်။

"ဘုံ့ကို .... အိမ်ပြန်ပို့ပေးပါ.... ခေါင်"

ဘုံ တစ်ခွန်းတည်းသော .... အက်သံပါသည့် အသံကျေကျေဖြင့် ပြောလိုက်ကာ ကိုယ်ခန္ဓာကို လျှော့မှီထားလိုက်သည်။

ဘုံ့ လက်ထဲမှာ အိမ်မှထွက်လာစဉ်က.... ပြန့်ပြူး ကော့ရော့နေသည့် လက်ကိုင်ပုဝါ ဖြူလွလွကလေးက.... ဘုံ မမှတ်မိနိုင်လောက်အောင် ကြေမွတွန့်လိမ်နေခဲ့ပြီ။ ဘုံ့ရဲ့ ထွက်ပေါက်ဟာ လက်ကိုင်ပုဝါလေးမှာ ကျဆင်းသက်ရောက်ခဲ့တာလား.... ဘယ်အချိန်ကတည်း က ဘုံ ပေါက်ကွဲနေခဲ့မိတာလဲ။

အို.... ဘာတစ်ခုမှ ဘုံ မမှတ်မိချင်တော့ပါ....။ ဖြစ်နိုင်လျှင်.... ဒီကမ္ဘာလောကကြီးထဲမှသာ ဘုံ ကိုယ်ရောင် ဖျောက်ကွယ်သွားလိုင်ချင်ပါတယ်။

ဘုံ့ကို အိမ်တံခါးဝအထိ ခေါက်ကိုယ်တိုင် လိုက်ပို့ပေးကာ.... အိမ်တံခါး သော ကိုပါ ဖေးဖေးမမ ကူညီဖွင့်ပေးသည်။

"စိမ့် နေခဲ့ပေးရမလား ဘုံ.... ဟင်.... "

"ဟင့်အင်း.... မနေပါနဲ့.... ဘုံ တစ်ယောက် တည်းပဲ နေချင်တယ်"

"ကျွန်တော် စိတ်ချမယ်နော် မြလေး.... စိတ်လိုက်မာန်ပါတွေ မလုပ်နဲ့.... ဘာမှ မလုပ်နဲ့ ကြားလား.... ကျွန်တော့် စကား နားထောင်ပါနော်.... "

"ခေါင်တို့ ပြန်တော့"

ဘုံ.... သူတို့ကို နှင်လွှတ်ကာ.... အိမ်တံခါးကို ပိတ်ပစ်လိုက်သည်။ တံခါးဝမှာ ရုတ်တရက်ထိုင်ချမိကာ.... လူတွေ ရှေ့မှာ ချုပ်တည်းခဲ့ရသမျှ အတိုးချ၍ ကြွေးရှိုက်ငင်ပစ်လိုက်ပါလေသည်။

နောက်တော့ မျက်ရည်စက်လက်နှင့် အရူး တစ်ယောက် လို ဒယီးဒယိုင်ထကာ.... ကိုယ့်အခန်းထဲဝင်သည်။ ဘုံ ရူးသွပ်သွားလိုက်ချင်ပါသည်။ သို့ သော် ထိုအ ဖြစ်ပျက်တွေ ကို မေ့လို့ အရသေး။ အခန်းထဲမှာ တိပ်သားများ အပြတ်ပြတ်အပိုင်းပိုင်းထွက်နေသော တိပ်ခွေအနက်လေးက ထောင့်တစ်ထောင့်မှာ ....။ ဘုံ.... မီးဖိုချောင်မှ ဓားကိုပြေးယူကာ.... ထိုခွေလေးကို.... အငြိုး ကြီးလှစွာ .... နာကြည်းလှစွာ .... စိတ်တိုင်းကျ ခုတ်ထစ်နေမိတော့သည်။ အပိုင်းအစများ စွာ .... ဖွာလွင့်ပြန့်ကျဲလျက်.... ဘုံ နှလုံးသားများ လည်း .... လွင့်စဉ်ကြေမွလျက်။

*

# အခန်း (၅)

နောက်တစ်နေ့မှာ လည်း.... ဘုံ ကျောင်းတက်ဖို့ ဆန္ဒမရှိ။ ဖေဖေနှင့် မေမေ ထွက်သွားပြီးမှ ဘုံ ကျောင်းသွားလေ့ရှိတာမို့ .... ဘုံ ကျောင်းမတက် ဖြစ်ရင်လည်း မေမေတို့ ရိပ်မိစရာမရှိပါ။

မေမေတို့ ထွက်သွားတော့မှ.... ဘုံ အိမ်တံခါးကိုပိတ်ကာ.... ဆံပင်တွေ ကြားထဲ လက်ထိုးသွင်းထားလျက်.... အထီးကျန်ခြောက်သရောင် းလှစွာ .... ဧည့်ခန်းထဲမှာ တိတ်တဆိတ် ထိုင်ငေါင်နေမိသည်။ ဘာလုပ်ရရင် ကောင်းမလဲ.... ဘုံ မသိပါ။ သီချင်းလည်း နားထောင်ချင်စိတ် မရှိ.... ဗွီဒီယိုလည်းမကြည့်ချင်.... စာဖတ်ဖို့လည်း စိတ်မပါ။ ကျောင်းပြေးတက်လိုက်ရခြင်းဖြင့် လည်း ဘုံရဲ့ အရှက်ဒဏ်ရာက သက်သာတာမှ မဟုတ်တာ....။

ခေါင်းစွပ် ဆွယ်တာ ပွယောင်းယောင်းကြီးထဲမှာ .... တစိမ့်စိမ့် ရှက်သွေးမွှန်နေဆဲ ဖြစ်သော ဘုံ့ ခန္ဓာကိုယ်ကလေးက.... နစ်မြုပ်နေသည်။ အင်္ကျီလက်ကလည်း ရှည်လွန်း ပွလွန်းကာ.... ဘုံ့ရဲ့ လက်ဖမိုးတွေ ပေါ် ဖုံးကွယ် ရှည်ကျနေသည်။ အဲ့ဒီလို.... ခန္ဓာကိုယ်ကလေး လုံခြုံရုံသက်သက်နဲ့ ဘုံ့စိတ်တွေ လုံခြုံ နွေးထွေးမှု ရှိတာမှ မဟုတ်တာ။

ဘုံ နှုတ်ခမ်း ကိုက်ထားလိုက်မိပြန်ကာ.... ငြိမ်ငြိမ်လေး တွေ းကြည့်နေမိသည်။ အင်မတန် ဒေါသထွက်စရာ.... မုန်းစရာကောင်းတဲ့ ထစ်ချုန်း.... ပြီးတော့ တည်ကြည်ဖြောင့်မတ်ဣန္ဒြေရသော ဘုံ့ကို ချစ်မြတ်နိုးပုံရသော ခေါင် .... သူတို့ နှစ် ယောက် ကိုသာ ဘုံ ထပ်တလဲလဲ မြင်ယောင်နေသည်။ သူတို့နှစ် ယောက် ဘုံနှင့် ပတ်သက်ပြီး ရန်ပွဲ ဆင်နွှဲခဲ့ကြသလဲ.... အို.... ဘယ်လောက် ရှက်စရာ ကောင်းတဲ့ အ ဖြစ်အပျက်ကြီးလဲ....။

ဘုံ ဒူးပေါ် တံတောင်ထောက်လျက် လက်ဖနှောင့်ပေါ်မှာ နဖူးကို ပင့်ထောက်ထားမိပြီး ပျဉ်းတွဲ နေသော သက်ပြင်းရှည်ကြီး တစ်ချက်ကို ဆွဲချလိုက်ပြန်သည်။ ဒီအကြောင်းကို ဖေဖေနှင့် မေမေတို့ သိသွားရင်လည်း ဘယ်လောက် စိတ်ထိခိုက်

ရှက်စိတ်မွန်ကုန်မလဲ.... ဘုံ မတွေ းရဲပါ။ သူတို့သမီး အလိမ္မာကလေးဟာ.... နေ့ချင်းညချင်းမှာပဲ .... မိန်းမရှုပ်ပွေလီကလေး တစ်ယောက် ဘဝကို ရောက်မှန်းမသိ ရောက်သွားခဲ့ရသော အဖြစ် အပျက်အတွက် ဘယ်လောက်များ ရင်ထုမနာ ဖြစ်ရှာမလဲ.... ဘုံ နာမည် ပျက်ခဲ့ရတာ ထစ်ချုန်းကြောင့် .... အဓိကတရားခံဟာ ထစ်ချုန်း....

ဘုံ အံတင်းတင်း ကြိတ်လိုက်မိကာ.... ထွက်ပေါက်ရှာနေသော သားကောင်တစ်ကောင်လို ဂနာ်မငြိမ် ဖြစ်နေဆဲ ဒုန်းခနဲ တံခါးထုသံ တစ်ချက် ထွက်ပေါ်လာသော အခါ ဘုံ့ ကိုယ်ခန္ဓာက တောင့်မတ် ခဲကျဉ်သွားလေသည်။ ဒီလို တံခါးခေါက်ဟန်မျိုး ဟာ ဟို မိစ္ဆာကောင်မှလွဲ၍ တခြား ဘယ်သူမှ မ ဖြစ်နိုင်ပေ။

ဒင်း.... ဘာလာလုပ်ပြန်တာလဲ.... ဘုံ့ အိမ်ကို သူလာစရာ ဘာအကြောင်းရှိသလဲ.... သူ့ကြောင့် ဘုံ နာမည် ဆိုးထွက်သွားရတာ ကို .... သူ အားရဝမ်းသာ ဖြစ်နေတယ်မဟုတ်လား....။ သူ့ ရဲ့ လက်းစားချေမှု နွံထဲမှာ ....ဘုံ ပြန်ရုန်းမထွက်နိုင်လောက်အောင် နစ်မြုပ်ခဲ့ရပြီ....။

ဘုံ ထိုင်ရာမှ ထ ကာ ချိတုံချတုံဖြင့် တံခါးနားသို့ ချဉ်းကပ်လာခဲ့သည်။ နာကြည်းမှု ဖြင် ဘုံ့ နှလုံးသားတွေ တဆတ်ဆတ်တုန်ခါနေတာ နူတ်ခမ်းနှစ် လွှာကို စေ့လို့မရအောင် ရန်းကန် လှုပ်ခါ နေတာ ဒါတွေ ဟာ ပေါက်ကွဲခြင်းဆီသို့ တွန်းပို့ပေးမယ့် စိတ်လှုပ်ရှားခြင်းအမှတ် အသားတွေ ။

နောက်ဆုံးတော့ ဘုံ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချလိုက်ပြီး.... တံခါးကို ဆွဲဖွင့်လိုက်ကာ သူနှင့် ရင်ဆိုင်လိုက်သည်။ သူ့ အကျင့်အတိုင်း တံခါးတစ်ချက် ခပ်ကြမ်းကြမ်း ထုပြီးရင် ကျောခိုင်းနေ... တံခါးဖွင့်သံကြားမှ ချာခနဲ လှည့်ကြည့်ပုံကို ဘုံ မှန်းတီးဆက်စုပ်လှစွာ ....

“နင် ဘာလာလုပ်တာလဲ.... ထစ်ချုန်း”

သူက.... တစ်ချက်ပြုံး ပြပြီး.... လက်ထဲမှ နီရဲစိုရွှန်းနေသော နှင်းဆီပွင့်ခိုင်များ ကို.... ပါကင်ပေပါအကောင်းစားဖြင့် သေသပ်လှပစွာ ထုပ်ပိုးထားပြီး.... ဖဲပွင့်ကြီးကြီး

တပ်ဆင်ထားသော ပန်းခြင်းလိုလို.... ေးမဝနိုင်စရာ အထုပ်ကြီးကို.... ဘုံ့ဆီသို့ လှမ်းပေးလိုက်ရင်း....

"မင်းအတွက် လျော်ကြေး.... မင်းနာမည် ကို ထိခိုက်သွားအောင် ငါ လုပ်ခဲ့မိတယ်"

ဘုံ .... ဒေါသအမျက် ချောင်းချောင်း ထွက်သွားရလေသည်။

"ဒီလိုလုပ်လို့ ရရောလားဟင်.... ထစ်ချွန်း... နင်စော်ကားချင်တိုင်း စော်ကားခဲ့ပြီးမှ လျော်ကြေးဆိုပြီး ပန်းထုပ်လာပေးရုံနဲ့ ပြီးကြေးလား.... နင်ထွက်သွား.... နင့်ကို တစ်ခုခု မလုပ်မိခင် နင် ထွက်သွားတော့ ထစ်ချွန်း... ငါ ဒေါသ သိပ်ထွက်နေတာနော်.... နင် ထွက်သွားလို့ ငါပြောနေတယ်"

အသား တဆတ်ဆတ်တုန်လျက်.... ဘုံ ကတုန်ကယင် အော်ပစ်လိုက်သောလည်း သူက မမှု ပါ.... ဘုံ့ကို စိုက်ကြည့်နေသော မျက်လုံးများ ကိုတောင် ရွှေ့ဖယ်မပေးပဲ....

"ငါ တောင်ပန်တယ် မြယွန်းဘုံ... ငါ ကျူး လွန်မိခဲ့တဲ့ အမှား းဟာ... နင့်ကို ချစ်မိရာက စတဲ့ အမှား းကွ... ငါ မတတ်နိုင်ဘူး၊ မင်းကိုချစ်မိနေသမျှကာလပတ်လုံး ငါ ဆက်တိုက် မှား းနေဦးမှာ ပဲ..."

"ဘာ.... အဲ့ဒါ မှား းဦး.... အဲ့ဒါ မှား းဦး..."

ဘုံ .... သူ့လက်ထဲမှ နှင်းဆီပါကင်ထုပ်ကြီးကို ဆွဲယူလိုက်ပြီး ရှိင်းစိုင်းကြမ်းတမ်းသော ဒေါသများ အလျောက် စိတ်လိုက်မာန်ပါ သူ့မျက်နှာနှင့် ခေါင်းဆီသို့ အချက်ပေါင်းများ စွာ ရိုက်နှက်ပစ်လိုက်သည်။ သူက .... လက်ကိုမြှောက်ကာရင်း.... သူ့ဦးခေါင်းပေါ် လက်နှစ် ဖက် ယှက်မိုး အုပ်ကွယ်ရင်း.... ကိုယ်ကို တိမ်းယိမ်းရှောင်ရှားရင်း....

"ဟေ့ ဟေ့.... နင် လွန်မယ်နော်.... လက်လွန်မယ်.... ငါ့ အသားနာရင် ငါ သည်းမခံတတ်ဘူးနော်.... မြယွန်းဘုံ တော် တော့.... တော် တော့လို့ ပြောနေတယ်ကွ.... "

ဟု ကမူးရှူး ထိုး ဟစ်အော်နေသည်။ နှင်းဆီပွင့်ဖတ်များ ကြေမွပြန့်ကျဲလျက်....

သူ့ အင်္ကျီတွေ ပေါ်မှာ .... အောက်ခြေသမံသလင်းပေါ်မှာ .... နီနီရဲရဲ ဖွေးဖွေးလှုပ်ကုန်သည်အထိ ဘုံ့ လက်များ နာကျင် တုန်ယင်လာတဲ့အထိ... ဘုံ အဆက်မပြတ် ရိုက်နက်မိသွားသည်။ ဘုံရဲ့ ပေါက်ကွဲမှု က.... ဘုံ့ကိုလည်း ရူးသွပ်သွားစေပြီ။

သည်းမခံနိုင်တော့တဲ့အဆုံး သူက ဘုံ့လက်တွေ ကို အတင်း ဖမ်းချုပ်ထားလိုက်ပြီး....

“မြယွန်းဘုံ... နင် ငါ့ စိတ်တွေ ကို မဆွနဲ့.... မဆွပေးနဲ့ကွ.... နင့်ကိုအပိုင်သိမ်းချင်လောက် အောင်.... ငါ မငြိုး ပါရစေနဲ့.... နင့်ကို ငါ ရန်သူလို မသတ်မှတ်ပါရစေနဲ့”

“တော် စမ်း.... နင် ဆက်မပြောနဲ့.... ငါ့ လက်ကိုလွှတ်စမ်း.... ငါ့စိတ်ကို နင် သိတယ်နော်.... နင်သွားတော့”

“နင် ဘာလို့ ဒီလောက် မာနကြီးနေရတာ လဲ မြယွန်းဘုံ.... ငါ့ကိုရော.... ဘာကြောင့် ဒီလောက်မုန်းနေရသလဲ”

“ကဲ... မလွှတ်နဲ့ဦး.... ”

ဘုံ့လက်တွေ ကို ချုပ်ကိုင် ဖမ်းဆုပ်ထားသော သူ့ရဲ့ လက်ဖမိုးကို.... ဘုံ အစွမ်းကုန် အားစိုက်ထည့်ပြီး ကိုက်ပစ်လိုက်တော့သည်။ သူ့ရဲ့ .... နာကျင်ထိတ်လန့်စွာ အော်ဟစ်လိုက်သံက ဘုံ့ရဲ့ ခါးသီးမိုက်မှောင်နေသော အာရုံတွေ ထဲ ထိုးခွဲဖြတ်တိုက်သွားသည်။ ဘုံ့လက်တွေ ကို လွှတ်ကာ ဘုံ့ရဲ့ သွားချွန်ချွန် ထက်ထက်တွေ ထံမှ.... သူ့လက်ကို အတင်းဆွဲနှုတ်ရုန်းထွက်လိုက်ပြီး အလွန်အမင်း နာကျင်သွားပုံဖြင့် ... သူ့လက်ကို ဆတ်ဆတ်ခါနေသည်။

ဘုံလည်း...ခုမှ သတိပြန်ဝင်လာပြီး သူ့ကို ကြောင်ငေးငေး လှမ်းကြည့်မိစဉ်.... သူက ဖွေးသံရဲရဲ နီရဲနေသော ... မျက်နှာဖြင့် အသက် ပြင်းပြင်းရှူလိုက်ရာမှ....

“မင်း.... ငါ့ကို အကြိမ်ပေါင်းများ စွာ နာကျင်စေခဲ့ပြီးပြီ မြယွန်းဘုံ.... ဒီအတွက်

မင်း တစ်သက်လုံးနောင်တ ရနေစေရမယ်.... မင်း ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်.... မင်း ရှုံး ရမဲ့တစ်နေ့ကို မင်း ရင်ဆိုင်ရစေ့မယ်.... မှတ်ထား.... ဒီမှာ မင်း မမေ့နဲ့... ငါလဲ မမေဘူး.... ”

သူက သွေးစက်စက်ယိုနေသော သူ့လက်ဖမိုးကို တစ်ချက် မြှောက်ထောင်ပြသွားကာ.... ချာခနဲ လှည့်ထွက်လျက် ဒြံစည်းရိုးမှ ခုန်ကျော် ထွက်သွားတော့သည်။ ဘုံရင်ထဲတလှပ်လှပ် တုန်ခါ မောပန်းလာကာ.... ချုပ်ထိန်းမနိုင် သိမ်းမရလောက်အောင် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။

ဘုံ ကြောက်စရာ့ အမှာ းတစ်ခုကို ကျူး လွန်ခဲ့မိပြန်ပြီ။ ဘုံ.... လက်ဝါးနှစ် ဘက်ထဲ မျက်နှာတစ်ပြင်လုံး မှော က်ချ မြှပ်နှစ် လိုက်ကာ.... သည်းသည်းထန်ထန် ငိုကြွေးလိုက်မိတော့၏ ။

တစ်စစီ ကြမ္မပြန့်ကျဲနေသော နှင်းဆီပွင့်ဖတ်များ ကို... ဘုံ ကြောက်လန့်တကြား ကြည့် မိကာ.... စူးစူးရှရှ မအော်ပစ်မိစေရန် ပါးစပ်ကို လက်နှစ် ဘက်ဖြင့် အုပ်ကွယ်ထားလိုက်မိသည်။

တစ်စုံ တစ်ယောက် မြင်မှာ ကို မလိုလားတာမို့ ဘုံမျက်ရည်စက်လက်ကြားမှပင်... နှင်းဆီပွင့်ဖတ် အကြွေတွေ ကို တံမြက်စည်းဖြင့် လှည်းကျင်းစုသိမ်းပစ်စဉ်... ကတ်ဖြူကလေးကို ပါကင်ပေပါကြားမှ တွေ့ရလေသည်။ ဘုံ တုန်ရီရီဖြင့် ကောက်ယူဖတ်ကြည့်လိုက်တော့

My Dear Mya Yoon Bon`,

I`m ready to learn about

the power of love.

with love

Htit Chone.

ဟု မှင်နက်နက် စိုစိုများ ဖြင့် .... လှပသေသပ်စွာ ရေး ထားသော အင်္ဂလိပ်လို စာတန်းကလေးများ သည်.... ဘုံ့ကို သတိလစ် မေ့မြောလုမတတ် ချောက်ချားသွားစေလေသည်။

ဘုံ.... ကတ်ကလေးကို လက်ဖဝါးထဲမှာ ထည့်လျက် ခပ်တင်းတင်း ဆုပ်ခြေဖိညှစ်ပစ်လိုက်မိကာ... တောက်တစ်ချက်ကို ပြင်းထန်စွာ ခေါက်လိုက်မိလေသည်။

သူ... ကြုံး ဝါးသွားခဲ့သလို... သူ့ကို ဘုံ လွယ်လွယ်နှင့် မေ့လို့မရတော့။ သူ့ရဲ့ ငြိုး တေးမှု များ က... ဘုံ့နှလုံးသားကို.... ကြိုး လုံးကြီးကြီး တစ်ချောင်းဖြင့် ခပ်တင်းတင်း ရစ်ပတ်တုတ်နှောင် ဆောင့်ဆွဲထားသလို.... နာကျင် ပြင်းပြစွာ ဘုံ မမေ့နိုင်တော့ခြင်း ဖြစ်သည်။

*

တံခါးဆီမှ ဘဲလ်သံထွက်ပေါ်လာပြန်သော အခါ.... ဘုံ ကယောက် ကယက် ဖြစ်သွားကာ တံခါးချောင်းပေါက်ကလေးမှတဆင့် ချောင်းကြည့်လိုက်သည်။ စိမ့် ငွေစင်နှင့် အတူ .... နောက်မှာ ခပ်ယို့ယို့ကလေး ရပ်နေသော ခေါင်.... ဘုံ ရင်တထိတ်ထိတ် ခုန်စ ပြု သွားကာ.... တံခါးဖွင့်ပေးလိုက် သည်။

"ကျောင်းပြေးကလေး.... နင့်ကို ကျောင်းတက်ဖို့ လာခေါ်တာ အဝတ်လဲ.... အဝတ်လဲ.... နင့်ကို မရ ရအောင်ခေါ်ဖို့ ငါတို့ ဆုံးဖြတ်လာခဲ့ပြီးသားနော်... ငြင်းမယ် မကြံနဲ့.... အတင်းဆွဲခေါ်မှာ ဘာအောက်မေ့နေသလဲ"

စိမ့်က.... စွာ လောင်စွာ လောင် ဟစ်အော်လျက် အိမ်ထဲသို့ ဝင်လာသည်။ ခေါင်က .... ဘုံ့ကို နားလည်နိုင်စွမ်း ရှိနေတဲ့ အဓိပ္ပာယ်မျိုး သက်ရောက်သော မျက်ဝန်းကလေးဖြင့် .... အလိုက် တသိ ကြည့်ကာ ပြုံး ပြလိုက်တော့.... ဘုံ့ ရင်ထဲသွက်ခါသွားရလေသည်။ ဘုံက.... ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီး ကိုယ်ကို တံခါးဝမှ

ယို့လိုက်ကာ....

"ခေါင်.... လာလေ... ဝင်"

"မြကလေး.... နေကောင်းတယ်မှလား"

"ကောင်းသားပဲ.... ခေါင်ရဲ့ ဘာ ဖြစ်လို့လဲ.... "

"ညက ဖုန်းဆက်မေးဦးမလို့ပဲ.... မြကလေး စိတ်အနှောင့်အယှက် ဖြစ်မလား တွေ းမိပြီး.... မဆက်ဖြစ်တော့တာ.... "

သူက ခပ်တိုးတိုး သိမ်သိမ်မွေ့မွေ့လေး ပြောသည်။ ဘုံ သဘောကျလိုက်တာ။ အဲ့ဒီလောက် အသေးအမွှားကလေးအစ.... တွေ းတွေ းဆဆ ဆင်ခြင်နိုင်စွမ်းရှိတာ.... ဣန္ဒြေရ သိမ်မွေ့တာ.... စတဲ့ စရိုက်မျိုးဟာ ယောက်ျားလေးတွေ ထဲမှာ ရှိမှာ မဟုတ်ဟု.... ဘုံ ထင်ခဲ့သမျှ ခေါင်နှင့် ကျမှ တက်တက်စင်အောင် လွဲလေသည်။ သူ တမင် အမှတ်ယူသလို ပြောနေတာမျိုး မဟုတ်တာလည်း သူ့ရဲ့ ရိုးဖြောင့် အေးဆေးနူးညံ့သော မျက်လုံးများ က သက်သေခံနေသည်။ ယုံပါသည်.... ဘုံ ယုံပါသည်။

ထစ်ချုန်းနှင့် .... အကြီးအကျယ် ပေါက်ကွဲခဲ့ကြတာကို ဘုံ ဖွင့်မပြောချင်တော့လောက် အောင် စိတ်ကုန်ခမ်းနေသည်မို့.... သူတို့ကို ဘုံ မပြောမိတော့ချေ။

"ကဲ.... ထိုင်ကြဦးနော်.... ဘုံ အကျႌလဲလိုက်ဦးမယ်.... စိမ့်ရယ် ခေါင့်ကို Sprite(စပရိုက်) တိုက်ပါလား.... နင်တို့ကောပေါ့... ခိုင်းတယ်လို့ မထင်လိုက်နဲ့နော်.... အမှန်က ခိုင်းတာပဲ"

"သိပါတယ်.... သိပါတယ်"

စိမ့်က ဘုံ့ကိုတောင် အံ့ဩနေသည်။ ဘာမှ မ ဖြစ်တော့သလိုပဲ.... မျက်လုံးတွေ မှုန်အစ်အစ် ဖြစ်နေတာ ကတော့ ငိုထားတဲ့ သင်္ကေတမျိုးပါ။ မနေ့ကလို.... မှိုင်ငေးငေး ရက်သွေးဆူနေသော ပုံစံမျိုးမရှိတော့ပဲ.... ပေါက်ကွဲပြီးစ ဗုံးတစ်လုံးလို ငြိမ်သက်ချောက်ကပ်လျက်....။

ဘုံ အခန်းထဲ အဝတ်လဲနေခိုက်.... စိမ့်က... ရေခဲသေတ္တာထဲမှ စပရိုက်ဗူးကြီးကို ထုတ်ကာ.... ဖန်ခွက်တွေ ထဲ ထည့်နေရင်း.... ဘုံ့အကြောင်းကို တွေ းနေမိသည်။ ဖန်ခွက်တွေ ကို ယွန်းဗန်းကလေးထဲထည့်ပြီး.... ဧည့်ခန်းထဲပြန်အထွက်မှာ .... ဘုံကလည်း အခန်းထဲမှ ထွက်လာတာမို့....

"ဟဲ့... မြန်လှချည်လား ဘုံရဲ့ "

"ပြီးပြီလေ ဒါပဲ.... "

ဘုံက ခေါင်းဖြီးနေလျက်မှ စိမ့်လက်ထဲမှ ဗန်းကို လှမ်းယူဖို့ ပြင်လိုက်သည်။ စိမ့်က နှစ် ကိုယ်ကြားလေသံဖြင့် ....

"ခေါင်က နင် ရှက်နေမှာ ကို သိပ်စိုးရိမ်နေတာ.... ဒီနေ့ နင် ကျောင်းကိုရောက်မလာနိုင်တာနဲ့ ခေါင်ကလိုက်ခေါ်ရအောင်ဆိုပြီး .... ငါတို့ကိုပါ တင်ခေါ်လာတာ နင်.... ထစ်ချုန်းနဲ့ တွေ့သေးလား.... ဘုံ အရှက်ရောပြေပြီလား"

"ဒင်းနာမည် မကြားချင်ဘူးဟာ.... ငါ မေ့မေ့ပျောက်ပျောက် ဖြစ်အောင် ကြိုးစားနေပါတယ် ကဲကဲ.... လာ ထွက်ရအောင်"

ဘုံတို့ အိမ်ရှေ့သို့ ထွက်လာခဲ့ကြသည်။ ခေါင်က .... ဘုံ့မျက်နှာကို အရိပ်ကြည့်သလို လှမ်းကြည့်နေပြန်သည်။

"ခေါင်... သောက်လိုက်ဦး ဒဏ်ရာတွေ ကရော ဘယ်လိုနေသေးလဲ.... သက်သာရဲ့ လား"

ခေါင်က နှာခေါင်းမှ ပလတ်စတာကို စမ်းကြည့်လိုက်ပြီး....

"သက်သာပါတယ်.... မြလေးက ဘာလို့ ကျောင်းမတက်ရတာ လဲ.... အိမ်မှာ တစ်ယောက် တည်း နေရင်း ပိုပြီး စိတ်လေမှာ ပေါ့"

"တက်မလို့ပါပဲ.... ဒါပေမယ့် တင်ချင်စိတ်ကလဲမရှိဘူး.... လူတွေ နဲ့ ရင်ဆိုင်ရမှာ ကို သိပ်မုန်းနေတယ်"

ဘုံ ခပ်မဲ့မဲ့ကလေး ရင်ဖွင့်လိုက်မိသည်။ ထစ်ချုန်းကို ခါးသီး စက်ဆုပ်သော အငွေ့အသက်က ဘုံ့ နှလုံးသားကို အလွှာလိုက် ဖုံးလွှမ်းထားဆဲ။

"ဟာ.... အဲ့ဒီ လူတွေ ထဲမှာ ကျွန်တော် ရော ပါလား မြလေး"

သူက ပျာယိပျာယာ ဟန်လေးဖြင့် မေးတော့.... စိမ့်နှင့် ငွေစင်က ခပ်တိုးတိုး ရယ်နေလေသည်။ ဘုံ မရယ်မိဘဲ....

"မသိဘူး.... ဘုံ သတ္တိ မရှိတာလဲ ပါမှာ ပေါ့ ခေါင်.... ဘုံက ပတ်ဝန်းကျင်ကို သိပ် ဂရုစိုက်တတ်တဲ့ အကျင့်ရှိတယ်.... sensitive သိပ် ဖြစ်တာမျိုး ခေါင်ရဲ့ .... "

"ကျွန်တော် သာ မြလေး နေရာမှာ ဆိုရင်တော့ ပတ်ဝန်းကျင်ကို ခပ်မိုန်မိုန်လေးပဲ ထားလိုက်မယ်ဗျာ.... ကိုယ် လုပ်စရာရှိတာကို ဆက်လုပ် မယ်.... လုံးဝဂရုမစိုက်တာမျိုး မဟုတ်ဘူးနော်.... သဘောပေါက်ရဲ့ လား မြလေး"

"ပေါက်ပါတယ် ခေါင်ရယ်.... ဒါပေမယ့် ဘုံ တစ်ယောက် တည်းတင် မကဘူး.... ဖေဖေရော မေမေပါ အရှက်အကြောက် သိပ်ရှိတာ... ပတ်ဝန်းကျင်ကိုလည်း ဂရုစိုက်တတ်တဲ့ အကျင့်ရှိတယ်။ မေမေကဆို ဆရာမ ဆိုတော့ ဏ္ဍန္တြေတို့ မိန်းကလေး တန်ဖိုးတို့ ဂုဏ်သိက္ခာတို့ .... အဲ့ဒါတွေ ကို ပိုပြီး အလေးအနက်ထားတယ်.... အဲ့ဒီပြဿ နာကို မေမေသိရင်.... မူးမေ့လဲသွားမလား မသိဘူး ဘုံ့ကြောင့် ကောင်လေးနှစ် ယောက် ရန် ဖြစ်ကြပြီး ကျောင်းထဲမှာ ဟိုးလေးတကျော်ကျော် ဖြစ်သွားတယ် ဆိုတာကိုလေ မေမေတို့ သိမှာ စိုးလို့.... ဖုံးထားရတယ်"

သူက စိတ်မသက်မသာ ဖြစ်သွားဟန်ဖြင့် ....

"မေ့ထားလိုက်ပါ မြကလေးရယ်.... ကျွန်တော် စိတ်မကောင်းပါဘူး"

"ကဲပါ.... ဘုံ မေ့ဖို့ ကြိုး စားပါ့မယ်.... သောက်ပြီးပြီလား ဘုံ သွားဆေးလိုက်ဦးမယ်.... ပြီးရင် သွားကြမယ်"

ဘုံက.... ဖန်ခွက်တွေ သိမ်းပြီး.... ထမင်းစားခန်းထဲမှ ဘေစင်မှာ ဆေးကြောပြီးမှ

ပြန်ထွက်လာခဲ့သည်။ တံခါးကို သော့ ခတ်ပြီး.... ခေါင့် ကားလေးပေါ်တက်ခါနီး မှာ .... မကြည့်ပါဘူးဟု လုံးဝ တင်းထားသော စိတ်တို့က မနေနိုင် မထိုင်နိုင်စွာ ဟိုဘက်အိမ်ဆီ လှမ်းကြည့်မိလိုက်တော့သည်။ အဲ့ဒါကိုက မှန်းစရာကောင်းတာ.... ဘုံတို့ အိမ်ကလေးဆီ အမြဲတမ်း အာရုံစိုက် စောင့်ကြည့်နေဟန်ရှိသော ထစ်ချွန်းကို လက်မှာ ပတ်တီး စီးထားတာမြင်တော့ ဘုံ့ ရင်ထဲ ခါးသွားလေသည်။

နင် သေလိုက်ဖို့ကောင်းတာ ထစ်ချွန်း....။ ဘုံ ကျောင်းမတက်ဘဲ အိမ်ထဲမှာ တစ်ယောက် တည်း ရှိနေတာကိုသိဖို့ သူ ဒီလိုပဲ စောင့်ကြည့်နေတာ ဖြစ်မှာ ပဲ။ ဖေဖေနှင့် မေမေ အလုပ်ကိုယ်စီဖြင့် ထွက်သွားချိန်ကျမှ.... ဒင်း ရောက်လာခဲ့တာ ဒီလိုမှန်းကြို သိခဲ့ရင်.... ဘုံ ကျောင်းကို စောစောထွက်ခဲ့မိမှာ ပေါ့.... ဒီလိုဆိုရင် ခုနက ဖြစ်ပွားခဲ့ရတဲ့.... ဘယ်လိုမှ ပြင်မရနိုင်တော့သော ဘုံ့ကို ကျောစိမ့် နောင်တ ရနေစေသော အမှား းမယွင်း(သို့ မဟုတ်) ပေါက်ကွဲမှု ဖြစ်လာနိုင်စရာမရှိဘူးပေါ့။ သူနှင့် ဘုံ့အကြားမှာ ဆက်လက် ပတ်သက်စရာ မလိုတော့ လောက်အောင် ပြတ်သတ်ထွက်သွားရမှာ ....။

ခုတော့.... ဘုံသူ့ကို ကိုယ်ထိလက်ရောက် နာကျင်အောင် ရိုက်နှက် ကိုက်ဖဲ့မိလိုက်သော ဘုံ့ရဲ့ ပေါက်ကွဲမှု အတွက်.... သူက မေ့မထားကြောင်း ဖွင့်ပြောသွားခဲ့ပြီ။ ဘုံ့ကိုသူ တစ်ခုခု ပြန်လက်စားချေမှာ ကို ဘုံကြောင်သည်။ ဒါ အမှန်ပဲ။ ဘုံ ဝန်ခံပါသည်။ သူ့ကို .... ဘုံ နာကြည်း ရွံမုန်းမှု နဲ့ ယှဉ်ပြီးကြောက်တာ "အော့နလုံး နာတာ" .... "အော့ကြော လန်တာ" စတဲ့ စကားလုံးမျိုး ကို သူ့အတွက် ဘုံ ရွေးချယ်ရလိမ့်မည် ။

"မြကလေး... ဘာတွေ တွေ းနေသလဲ"

ခေါင်က ကားနောက်ကြည့် မှန်ထဲမှ လှမ်းကြည့်ရင်း ဂရုတစိုက် မေးသော အခါ ဘုံ ဘာဖြေရမှန်း မသိ ကြောင်တက်တက် ဖြစ်သွားပြီး....

"ခေါင် သိရဲ့ လားမသိဘူး... ထစ်ချွန်းက ဘုံတို့ ဘေးခြံမှာ နေတာလေ"

ဟု ပြောမိပြောရာ လွှတ်ခနဲ ပြောလိုက်မိသည်။ ခေါင်က ဇက်ကိုလိမ်ပြီး ဘုံ့ကို အကဲခတ်သလို လှမ်းကြည့်ရင်းမှ....

"ဟုတ်လား.... အခုမှ ကျွန်တော် သိတာ.... သူက မြကလေးကို နှောင့်ယှက်တတ်သလား ဟင်.... "

"ဘုံနဲ့ ခဏခဏ ရန် ဖြစ်ဖူးတယ် ခေါင်.... သူက အစလဲသန်တယ်... အငြိုး လဲကြီးတယ် ကလဲ့စားလဲချေတတ်တယ်"

ထိုစကားကို စိမ့်က အလောတကြီး ဝင်ပြောလိုက်တာ ဖြစ်သည်။ စိမ့် အပြောနှင့် လုံလောက်သွားပြီမို့ ဘုံ ဘာမှ မပြောတော့ပဲ ငွေစင့် ပခုံးမှာ မှီထားလိုက်ရင်း....

"ခေါင် နောက် သူနဲ့ ရန်မ ဖြစ်တော့ဘူးလို့ ကတိပေးပါလားဟင်.... "

ဟု ခပ်တိုးတိုး လှမ်းမေးလိုက်သည်။

ဘုံ့ရဲ့ ကန့်ကလျ ဆန်မှု ကို သူက... ပြုံး စိစိ ဖြစ်ကာ....

"နောက်တစ်ခါ ဖြစ်ရင် ကျောင်းထုတ်ခံရဖို့ပဲ ရှိတော့တာ မြကလေးရဲ့ .... ကျွန်တော် ဆင်ခြင်ရတော့မှာ ပေါ့... ဒါပေမဲ့ သူက ရန်စရင်ကော.... "

"အဲ့လိုဆိုရင်.... ကျောင်းအပြင်ကို ခေါ်ထုတ်ပြီး.... အင်းလျားကန်ထဲ တွန်းချပစ်လိုက်"

ဘုံ့ရဲ့ ခပ်ဆောင့်ဆောင့် အဖြေကို သူက သဘောကျသလို.... ခပ်တိုးတိုး ရယ်မောလိုက်လေသည်။ ကျောင်းဝင်းထဲ ကားချိုး ကွေ့ဝင်လိုက်သော အခါ.... ဘုံ လူတွေ ကို ဂရုတစိုက် မကြည့်မိအောင်.... သတိထားဖို့ ကြိုး စားရသည်။

တစ်ကျောင်းလုံး မသိတောင် ဘုံတို့ မေဂျာလောက် ကတော့... အနည်းဆုံး သိကြမှာ ပဲ။ မတတ်နိုင်ဘူးလေ....။

ဘုံ နားကို ဆွံ့စေလျက်.... မျက်လုံးတွေ ကို မှုန်စေလိုက်ပြီး.... အတန်းထဲကို ခပ်သုတ်သုတ် ဝင်လိုက်သည်။

စာသင်နေသော ဆရာက သာမန်အကြည့်ဖြင့် လှမ်းကြည့်တာကိုတောင် ဘုံ စိတ်မလုံခြုံစွာ .... မျက်နှာ ရှိန်းခနဲ ပူသွားရလေသည်။ ဟော.... မိန်းကလေးတစ်ချို့ ခေါင်းချင်း

ဆိုင်သွားသလို ယောက်ျားလေး တချို့ စူးစမ်းစွာ လှမ်းကြည့်နေသလို အို.... သေတော့မှာ ပဲ။ လူတွေ က တယ်ပြီး စပ်စုကြပါလား။

နောက်ပြီး.... ဘုံကလည်း ပတ်ဝန်းကျင်ကို တယ်ပြီး ဂရုစိုက်လှပါလား....။

မေ့မှ ဖြစ်မည် .... မေ့မှ ဖြစ်မည် ။

ဘုံ ကိုယ့်စိတ်ကို.... ဖြားယောင်း သတိပေး နေလိုက်ရင်း.... ဆရာသင်သော စာထဲ အာရုံစိုက် သွင်းထားလိုက်မိတော့သည်။ ရင်ထဲမှာ ရှိန်းတိန်း ဖိန်းတိန်း နွေးရှရှ ကျဥ်တင်တင် ခံစားချက်တွေ ၊ အဲ့ဒါဟာ.... ရက်ရွံ့ခြင်းလား.... ဒါမှမဟုတ် ဘုံ့နာမည် .... ဘုံ့တန်ဖိုး.... ဘုံ့ ဂုဏ် သိက္ခာတွေ ကို အဖတ်ဆည်လိုက်သော မွတ်သိပ် ဆာလောင်မှု များ လား၊ ဘုံ မခွဲခြားတတ်တော့ပါ။

သို့ သော် ဘုံ ထင်ထားသလောက်တော့.... အခြေအနေမဆိုးရွား....။ ဝတ္ထုတွေ .... ရုပ်ရှင်တွေ ထဲကလို... မကြားတကြား ကဲ့ရဲ့ ရှုတ်ချတာတို့.... တီးတိုးအတင်းပြောတာတို့ မရှိ။ ဒါပေမယ့် ဘုံ့ကို လူကြည့်ပိုများ လာသည်။ အတန်းဝင်ကနေ တကူးတက လာကြည့်ပုံရသော လူတချို့ရဲ့ မျက်ဝန်းများ ကိုတော့ ရင်ဆိုင်လိုက်ရသည်။ တချို့ကပြုံး စိစိ.... ။

နောက် တစရက် နှစ် ရက်ဆို အခြေအနေက ပုံမှန်ပြန် ဖြစ်သွားမှာ လေ။ ပညာတတ် တက္ကသိုလ်ကျောင်းသားတွေ ဖြစ်ပြီး .... သူများ အကြောင်း တကူးတက လိုက်စပ်စု စိတ်ဝင်စား နိုင်ဖို့ကို.... ကိုယ့်ထမင်းကိုယ်စားပြီး... ဘယ်သူမှ အချိန်ယူနိုင်ကြမှာ မဟုတ်။ မြယွန်းဘုံကြောင့် ... ကျောင်းသားနှစ် ယောက် ရန် ဖြစ်ကြတယ်.... (ထစ်ချုန်းဘက်က.... သူငယ်ချင်းတွေ ပါ ထည့်ရေး လျှင်.... နှစ် ယောက် မ ကတော့) ဆိုတဲ့ သတင်းတစ်ခု ပျံ့နှံ့သွားခြင်း ဘုံ့ နာမည် ထိခိုက်သွားခြင်း တို့က.... ဘုံ့ကွယ်ရာမှာ သာ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပါသည်။ ဘုံ့ ရှေ့မှာ တော့ ဒီအကြောင်းကို စကားထဲ ထည့်မပြော... သို့ သော် ကွက်ကြည့်ကွက်ကြည့် လေးတွေ တော့ ရှိသည်ပေါ့လေ။

ဘာပဲ ဖြစ် ဖြစ်.... ဘုံ ဒါတွေ ကို ကြိုး စား မေ့ဖျောက်ပစ်ရပါမည် ။

*

# အခန်း (၆)

"ပြဿ  နာ ကတော့ ဖြစ်လိမ့်ဦးမယ်လို့ ငါ ကြိုမြင်နေပြီ ဘုံရေ.... အတန်းအပြင်ဘက်မှာ ထစ်ချုန်း ရောက်နေတယ်.... လက်ထဲမှာ ကင်မရာ သေးသေးတစ်လုံးပါတယ်... နင့်ကို ရိုက်မလို့နဲ့ တူတယ်လ "

"တောက်.... လွန်နေပြီ...ဒီကောင် သိပ် အတင့်ရဲနေပြီ.... စိမ့် ငါ ဘာလုပ်ရင်ကောင်းမလဲ ဟင်.... သူ ငါ့ကို သက်သက် အရှက်ခွဲနေတာ"

ဘုံ ကသိကအောက် ဖြစ်နေသော အသံဖြင့် ပြောလိုက်ရင်း စိတ်ရှုပ်ထွေးလာသည်။

"အေး.... သူဘယ်လို ဖြစ်နေလဲ မသိဘူး.... ခေါင်နဲ့ ရန် ဖြစ်ပြီး နောက်ပိုင်း.... သူ ပိုပြီး အသည်းအသန် ဖြစ်လာတယ်"

ငွေစင်က ဘုံ့ကို ကွယ်ပေးထားသည်။ သူ.... ဓာတ်ပုံလှမ်းရိုက်လို့ မရအောင် ဖြစ်သည်။

"ဒါ... နှောင့်ယှက်တာပဲဟ... ငါ အလိုမတူဘဲနဲ့ တမင် ဒုက္ခလိုက်ပေးနေတာ.... သိပ်မုန်းလာပြီဟယ်.... ဒီလိုယောက်ျားမျိုး .... ငါ့ တစ်သက်မှာ ကြုံလဲမကြုံဖူးခဲ့ဘူး"

"တကယ်လို့ ဓာတ်ပုံရိုက်လိုက်ရင်.... မော်ကွန်းထိန်းကို သွားတိုင်မယ်ဟာ"

စိမ့်အကြံကို.... ဘုံ ပို၍ ကြောက်သည်။

"အဲ့ဒါမှ.... ငါ ရှက်တာနဲ့ သေမှာ စိမ့်ရဲ့ .... ဒီကိစ္စမျိုး ကြီးကို.... ငါ ဘယ်ရင်ဆိုင်ရဲမလဲ.... ပိုပြီးလူသိရှင်ကြား ဖြစ်ရမဲ့ ကိစ္စ.... အလိုမတူပဲ ဓာတ်ပုံအရိုက်ခံရလို့.... ဆိုတဲ့ သတင်းဟာ ငါ့အတွက် ဘယ်လောက် နစ်နာစေမလဲ.... မေမေတို့ သိရင် ပြဿ နာပိုရှုပ်မှာ .... သူနဲ့ပဲ နစ် ယောက် တည်း ဖြေရှင်းရင် ပိုကောင်းမယ်"

"ဒီတော့ နင်ဘာလုပ်မလဲ"

"ငါ့ကို ရိုက်လိုက်တာနဲ့ သူ့ ကင်မရာကို ပေါက်ခွဲပစ်လိုက်မယ်"

"ဟဲ့ စိတ်လိုက်မာန်ပါ မလုပ်နဲ့လေ ဘုံရဲ့ အဲ့ဒီတော့လဲ လူတွေ က မသိဘဲနေမလား သတင်းက ပျံ့ကိုပျံ့မှာ ပဲ"

"ငါ အခန်းထဲက မထွက်ရဲလောက်အောင် ဖြစ်နေပြီဟယ်.... ဒီကောင့်ကို နပ်နပ်စဥ်းပစ်ချင် လောက်တဲ့အထိ မုန်းတယ် တကယ်ပဲ"

"ခေါင့်ကို အကူညီတောင်းရင်ရော"

"ပိုဆိုးမှာ ပေါ့.... သူတို့နှစ် ယောက် ထပ်ရန် ဖြစ်မှာ "

"ဒါဆိုရင်တော့... နင် တောင်းပန်လိုက်တော့ဟယ် ချွန်းချွန်းလေးရယ်.... ကျွန်မကို ဓာတ်ပုံ မရိုက်ပါနဲ့နော်.... လို့"

စိမ့်အပြောကြောင့် .... ဘုံ ရယ်ရမလို ငိုရမလို ဖြစ်သွားရသည်။ စိတ်လည်း ကျဥ်းကျပ်လှပြီ။ ဒေါသလည်း ထွက်လှပြီ။ ထစ်ချွန်းဟာ ဘယ်လောက် အငြိုး ကြီးကြီးနဲ့ ဘုံ့ကို အနှောင့်အယှက် ပေးနေဦးမလဲ မသိပါ။

"အဲ့ဒါမှ မဟုတ်လဲ.... နောက်ဆုံး တစ်ခုပဲရှိတော့တယ်.... သူ ရိုက်လိုက်တာကို မသိချင်ဟန်ဆောင်ပြီး ငုံ့ခံလိုက်.... နင်တို့ အိမ်ပြန်ရောက်မှ အဲ့ဒီပြဿ နာကို ဆက်ရှင်း"

"ဟာ.... ဘယ် ဖြစ်မလဲ ဖေဖေတို့ မေမေတို့ သိကုန်မှာ ပေါ့ အဲ့ ဒီတော့မှ ပိုရှုပ်မှာ "

"ကဲ.... ဒါဆိုရင်တော့ နင့်မျက်နှာကို လွယ်အိတ်နဲ့သာ စွပ်ချထားလိုက်တော့"

ပေါက်ကရ ပြောလိုက်ပြီးမှ စိမ့်က သူ့စကားသူ ပြန်သဘောကျကာ တဟိဟိ ရယ်နေလေသည်။ ဘုံ မရယ်နိုင်ပေ။ ဘုံ့ကို အဲ့ဒီလောက် စိတ်ဒုက္ခပေးနေတာ။ ဖြစ်ချင်ရာ ဖြစ်... ဘုံ ပြေးတွေ့ ရင်ဆိုင်လိုက်ချင်သည်။

အတန်း တစ်ချိန်ကုန်သွားပြီး ဆရာ ထွက်သွားသလို ကျောင်းသူ ကျောင်းသားတွေ လည်း ထွက်ကုန်တဲ့အထိ ဘုံတို့ မထွက်သေး။ အတန်းထဲမှာ ငြိမ်ကုပ်ကာ

ခြေချုပ်မိနေသည်။ အတန်းထဲမှာ လူရှင်းသွားမှ ဘုံတို့ထွက်ကြဖို့ တိုင်ပင်နေဆဲ ကံဆိုးခြင်းလား ကံကောင်းခြင်းလား မသိစွာ ထစ်ချွန်းက အတန်းထဲဝင်လာပြီး ဘုံ့ကို ဓာတ်ပုံချပ်ခနဲ ရိုက်လိုက်လေသည်။ ဘုံ သည်းမခံနိုင်တော့သလို ထိုင်နေရာမှ ဝုန်းခနဲထကာ သူ့ဆီသို့ အပြေးတစ်ပိုင်း ရောက်သွားပြီး သူ့လက်ထဲမှ ကင်မရာကို ဆွဲလုကာ သမံသလင်းမှာ ပေါက်ခွဲချပစ်လိုက်သည်။

သူ ဆွေ့ဆွေ့ခုန်သွားသလို

"ဟိတ်.... နင် လုပ်ချလိုက်ပြန်ပြီပေါ့လေ.... မြယွန်းဘုံ.... နင် သိပ်မိုက်မဲပါလားကွ"

ဘုံ စကားတစ်ခွန်းမှ မဆိုပဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ကဲ.... ပြဿနာတစ်ခုတော့ ရှင်းသွားပြီ။ ဒီအ ဖြစ်အပျက်ကို မြင်လိုက်သူတွေ တော့ အနည်းအကျဉ်းရှိမှာပေါ့.... သို့ သော်ငြားလည်း.... ဘုံ့ လုပ်ရပ်ကလည်း မြန်ဆန်လွန်းလှတာမို့.... ဘာကြောင့်ဖြစ်သလဲဆိုတဲ့ အချက်ကို သိချင်မှ သိလိမ့်မည် ။

ဘုံတို့သုံးယောက် သား အခန်းထဲမှ သုတ်ခြေတင် ထွက်လာခဲ့ကြသည်။ ခပ်ဝေးဝေးရောက်မှ စိမ့်က....

"ထစ်ချွန်း မခံချိမခံသာ ဖြစ်ကျန်ခဲ့တဲ့ မျက်နှာကို ငါ မမေ့တော့ဘူး သိလား ဘုံရယ်.... သူ့ ကင်မရာကို ကုန်းကောက်ပြီး ပြုံး လိုက်တာ ငါ သေချာမြင်လိုက်ရတယ်။ အဲ့ဒီ ပြုံး ပြုံး လေးကို ငါတော့ အူတုန်အောင် ကြောက်တယ် မိဘုံ.... အဲ့ဒီလို ပြုံး ပြုံး လေးလုပ်နေပြီဆိုရင် သူ သိပ် ကြောက်စရာကောင်းတယ်လို့ ငါ ကြားဖူးတာ နင် မှတ်မိသောလား.... ဟင်.... နင်တော့ ရာဇဝတ်အိုးကို တုတ်နဲ့ထိုးမိရုံတင် မကဘူး.... ရိုက်ကိုခွဲခဲ့ပြီ.... ဒုက္ခပါပဲ.... ဘာတွေ ဆက် ဖြစ်လာမလဲဆိုတာ.... ငါ တထိတ်ထိတ် ဖြစ်နေပြီ သိလား ဘုံ"

"မတတ်နိုင်ဘူး.... သူ့ကို ကြောက်တာနဲ့.... သူ စော်ကားသမျှ ငါ ငြိမ်ငုံ့ခံနေရမှာလား စိမ့်ရဲ့ .... နေပစေ.... ငါ ရင်ဆိုင်မယ်"

သို့ သော် .... ဘုံ့နှလုံးသားထဲမှ တစိမ့်စိမ့် ကြောက်ရွံ့စိတ်တွေ ဖိစီးလာတာကို ဘုံ

ဝန်ခံလို့ မရပါ။ ဘုံဟာ အမြဲတမ်း လက်လွှန်ပြီးမှ နောင်တရမိနေတာချည်း ဖြစ်သည်။ ဒါပေမယ့် ဘာတတ်နိုင်တော့မလဲ လွန်ခဲ့ပြီ လွန်ခဲ့ပြန်ပြီလေ။

ဘုံကိုက.... မျက်လုံးထဲ ပြာခနဲဆို မထိန်းချုပ်နိုင်လောက်အောင် မှာ းယွင်း ကျူး လွန်ခဲ့ပြီးသား ဖြစ်နေတတ်တာ။

"နင်.... သူ့ကို တောင်းပန်လိုက်ရင် ကောင်းမယ်"

"မေ့ပစ်လိုက်စမ်းပါ စိမ့်ရာ.... တောင်းပန်ဖို့ ဆိုတာကို ငါ အိမ်မက်ထဲမှာ တောင် ထည့်မမက်ဘူးမှတ်"

"ခေါင့်ကို ပြောပြရမလား ဘုံ .... သူ ကန်တင်းမှာ ရှိလိမ့်မယ်"

"မပြောပါနဲ့ စိမ့်ရယ်.... သူ စိတ်အနှောင့်အယှက် ဖြစ်နေမယ်.... ပြီးတော့ သူတို့နှစ် ယောက် ပြဿ နာ ဖြစ်မှာ ငါ စိုးရိမ်တယ်"

ဘုံက တွေ းတွေ းဆဆလေး ပြောလိုက်သည်။ အငြိုး ကြီးသော ယောက်ျား တစ်ယောက် ရဲ့ သဲကြီးမဲကြီး နှောင့်ယှက်မှု ကို ခံနေရသည့် မိန်းကလေးတွေ ဟာ.... အဲ့ဒီပြဿ နာကို ဘယ်လို ကိုင်တွယ် ဖြေရှင်းတတ်ကြသလဲ ဆိုတာ ဘုံ အလွန်အမင်း သိချင်နေသည်။ ဘုံ့အ ဖြစ်က တကယ့်ကို ဆုပ်လည်းစူး စားလည်းရူး အခြေမနေ။ ထိုအခြေအနေကို ဘုံ သည်းမခံ နိုင်လောက်အောင်လည်း စိတ်ပျက် ငြီးငွေ့လှသည်။

ဘုံ ခံစားနေရသော စိတ်ကျဉ်းကျပ်မှု တို့ကို.... ဘယ်သူ့ထံမှာ မှလည်း ရင်မဖွင့်သာတော့.... အတွင် းလှိုက်စားခံရသလို ခံစားနေရတာ ။ တကယ့်ကို တနံ့နံ့ တမြည် မြည့် ခံပြင်းစွာ စိုးရွံ့စွာ အပြင်းစား ခံစားချက်တွေ စုရုံးဖိစီးခံနေရတာ ။

ထစ်ချွန်းရယ် နင့်မှာ သာ ညီမ တစ်ယောက် ရှိခဲ့ရင်.... ညီမချင်း စာနာစိတ်နဲ့ နင် ငါ့ကို ဒီလောက် စိတ်ဒုက္ခပေးရက်မှာ မဟုတ်ဘူး။ ဟုတ်တယ်မဟုတ်လား ဟင်။

ခုတော့ နင်ဟာ အလွန် အတ္တကြီး တစ်ကိုယ်ကောင်းဆန်တဲ့ ရမ်းကားသူ တစ်ယောက် ဖြစ်နေပြီလို့ နင့်ကိုယ်နင် တွေ းကြည့်မိသေးရဲ့ လား နင် ဖြစ်ချင်တာ

တစ်ခုတည်းအတွက် တခြား လူ တစ်ယောက် ရဲ့ စိတ်နှလုံးကို ဓားနဲ့ တရိရိမွှန်းသလို ငြိုး တေး ရက်စက်နေနိုင်တာ နင့်ရဲ့ အဆုံးစွန် မိုက်မဲမှု ပဲ။ အဲ့ဒီအတွက် နင့်ကို ငါ မုန်းတယ် စက်ဆုပ်တယ် အော့ကြောလန်တယ် အဲ့ဒါဟာ ငါ့ အပြစ်လား ငါ့အမှား ူလား ထစ်ချွန်း။

ငါက မုန်းလေ နင်ကငြိုး လေ နင်က ငြိုး လေ ငါက ပိုမုန်းလေနဲ့....
အဲ့ဒီသံသရာဟာ ဘယ်တော့များ မှ.... ပြီးဆုံးခြင်းသို့ ရောက်နိုင်ပါတော့မလဲ ။ ငါတို့ နှစ် ယောက် အနက်က .... နင် .... သို့ မဟုတ် ငါ.... တစ်ယောက် ယောက် ကတော့ အကြီးအကျယ်ကို မှာ းယွင်းနေပြီ.... အဲ့ဒီ မှာ းတဲ့သူဘက်က.... ပြင်လိုက်မှ.... အဲ့ဒီပြဿ နာဟာ အေးငြိမ်းသွားနိုင်မှာ ....။ ငါ့ ဘက် ကတော့ .... ဘယ်လိုနည်းနဲ့မှ မပြင်နိုင်ဘူး ဒီလိုဆိုရင် နင့်ဘက်ကရော။

အို.... စိတ်ပျက်စရာကောင်းလိုက်တဲ့ ဖြစ်ခြင်း။ ငါ့မှာ လွတ်လပ်စွာ မုန်းတီးပိုင်ခွင့် မရှိရတော့ဘူးလား ဟင်.... ထစ်ချွန်း.... နင့်ကိုငါ မုန်းလှပြီ....။ ငါ မုန်းတဲ့အတွက် နင် ပိုပြီး သဲသဲမဲမဲ ဖြစ်လာမှာ ကို ငါကြောက်လှပြီကွယ်....။

နင့်အပေါ် လက်ထိလက်ရောက် စော်ကားမှု တွေ အတွက် ငါ တစိမ့်စိမ့်နောင်တရ ကြောက်ရွံ့နေရပါပြီ....။ ကျေးဇူးပြုပြီး.... ငါ့ကို မငြိုး ထားစမ်းပါနဲ့.... ကလဲ့စားချေဖို့ မကြံစည်နေပါနဲ့.... ငါ သွေးပျက်မတတ် ကြောက်လွန်းလို့ပါ....။

ထိုနောက်ပိုင်းမှစ၍ .... ဘုံ မဖြေရှင်းနိုင်တော့သော ထိုပြဿ နာ အစိုင်အခဲသည် ဘုံနှင့် ထစ်ချွန်းရဲ့ အကြားမှာ တစ်စတစ်စ ပို၍ ကြီးထွားလာသည်ဟု ဘုံ ထင်မိသည်။ ဘုံ့ နံဘေးမှာ ခေါင် အမြဲရှိနေလေ.... သူ ပို၍ မခံချိမခံသာ ဖြစ်ပုံရလေသည်။ သို့ သော် သူက ဘုံနှင့် ထိပ်တိုက်တိုးစေမည့် ပြဿ နာမျိုး ကို အခုတစ်လော အတွင် းမှာ လုပ်မလာတော့ချေ။

သို့ သော် ဘုံ့ကိုတွေ့တိုင်း ဖျတ်ခနဲ သူပြုံး ပြလိုက်တတ်တာကိုတော့ ဘုံ့ ကျောရိုးတလျှောက် စိမ့်သွားစေပါသည်။ သူ့ရဲ့ အဲ့ဒီအပြုံး ဟာ ကြောက်စရာကောင်းတာ နာမည် ကြီးတာ။ စိမ့်ပြောသလို ဘာများ ဖြစ်မလဲ ဘာများ ဖြစ်မလဲဟု ရင်တထိတ်ထိတ်

ဖြစ်စေလောက်အောင် ဘုံ့ကို ဖမ်းစား ခြောက်လှန့်နေသော အပြုံး ။ အေးစက်လို့ ဝက်သော အပြုံး ။ အို မေ့ထားလိုက်တာပဲ ကောင်းပါတယ်.... ထစ်ချုန်းကို ကြောက်ရွံ့ခြင်းနှင့် ယှဉ်ပြီး အစဉ်သတိရ တွေးတောမိတာကိုက ဘုံရဲ့ အရှုံး....။ သူ့ကို မေ့ထားလိုက်မှ ဘုံ့ဒဏ်ရာတွေ ... ဝေဒနာတွေ သက်သာမည် ။ အဲ့ဒီတော့ သူ့ကို မေ့မှ ဖြစ်မည် ။

လောကမှာ မမေ့နှင်ခြင်း နှစ် မျိုး ရှိတယ်.... ချစ်ခင်မြတ်နိုးစိတ်ကြောင့် မမေ့နိုင်ခြင်းနဲ့ မုန်းတီးဆက်စုပ်နာကြည်းမှု ကြောင့် မမေ့နှင်ခြင်းပေါ့....။ အဲ့ဒီထဲမှာ ထစ်ချုန်းကို မမေ့နိုင်ခြင်းက ဒုတိယ အမျိုး စားထဲမှာ ပါဝင်သည်။

ဘုံ တစ်ညတလေ အိပ်မပျော်ဘူးဆိုရင်.... လူတွေ အကြောင်း လျှောက်တွေးနေမိတတ် သည်။ ထိုလူတွေ အထဲမှာ ထစ်ချုန်းက အမြဲပါသည်။ မတွေးချင်လို့ ခေါင်းကိုခါထုတ်ပြီး သူ့ကို မောင်းနှင်လျှင်လည်း သူက ရွှတ်ပေကပ်တွယ်နေတတ်တာ။ အဲ့ဒါ ဘာကြောင့် လည်း ဘုံမသိပါဘူး။ ဘုံသိတာ ကတော့ သူ့ကို မုန်းတီးဆက်စုပ်ခြင်း တစ်ခုတည်းသာ ဖြစ်သည်။

ဘုံ့အတွက် သူဟာ ဒီလောကမှာ တစ်ယောက် တည်းသာရှိတဲ့ မုန်းစရာ အကောင်းဆုံး လူသားတစ်ဦးပါပဲ....။ ဒါကို သူလည်းသိနေတာပဲ....။ ဘာ ဖြစ်လို့များ ဘုံ့ကိုသူသည် သည်းသည်း ထန်ထန် နှောင့်ယှက်သမှု ပြုနေရသလဲ....။ အပြုအမူတွေ နှင့် မနှောင့်ယှက်တော့သည့်တိုင်.... “ရက်စက်ကောက်ကျစ်ခြင်း”လို့ အမည် တပ်ဖို့ကောင်းသော အပြုံး နက်နက်တို့ဖြင့် ဘုံ့ကို သူ နှောင့်ယှက်နေဆဲ ။ တစ်နေ့နေ့မှာ ဘုံ့အပေါ် သူတစ်ခုခု အကောက်ကြံတော့မှာ ပဲ.... လို့ တစိမ့်စိမ့် တွေးကြောက်နေရအောင် သူ့ အပြုံး က ကြောက်မက်ဖွယ် ကောင်းလှသည်။ အဲ့ဒီ အပြုံး ကြောင့် ပဲ ဘုံ ထစ်ချုန်းကို မေ့မရနိုင်တော့တာ....။

ဘုံ မေ့မရနိုင်သော နောက်ထပ် လူသားတစ်ဦး ကတော့ “ခေါင်” ဖြစ်သည်။ အဲ့ဒီ မေ့မရနိုင်ခြင်း ကတော့ ချစ်မြတ်နိုးစိတ်များ စိမ့်ဝင်နွယ်ယှက်နေသော မေ့မရခြင်းပေါ့။ ခေါင်က ယောက်ျားလေးတန်မဲ့ဖြူစင်ကြင်နာမှု ကြီးသည်။ အလိုက်သိ ဖေးမတတ်သည်.... ဘုံ့ရဲ့ စကားတွေ ကိုဂရုတစိုက် လေးလေးနက်နက်ထားပြီး နားထောင်တတ်သည်။ ဘုံနှင့် နှစ်

ကိုယ့်တစ်စိတ် ဖြစ်အောင် မျှဝေ ခံစားတတ်သူ ဖြစ်သည်။ ဒီတော့.... ခေါင့်ကို ဘုံ မရှိမ ဖြစ် လိုအပ်လာတော့သည်။ သို့သော် .... ခေါင့်ရဲ့ အားနည်းချက်မှာ ကြံဖန်အားနာသမှု ကြီးပြီး နှုတ်နေးနေခြင်းပဲ ဖြစ်သည်။ သူ့ အဖို့ ဘုံ့ ကိုချစ်မြတ်နိုးနိုင်ဖို့အတွက် ချစ်စရာကောင်းသော အပြုံး လေးတစ်ခု ရှိနေယုံနှင့် လုံလောက်နေသလို ရောင့်ရဲနှစ် သိမ့်နေနိုင်သူ ဖြစ်သည်။ ဘုံ့ အလစ်မှာ ခိုးဝှက်ငေးမောနေရုံနှင့် သူက ကျေနပ်နေလျှက် ဘုံ လိုအပ်လျှင် သူ အဆင်သင့်ရှိနေတတ်သည်။ သူဟာ ဘုံ့အတွက် အကောင်းမြတ်ဆုံး မိတ်ဆွေအဖော်မွန် အဆင့်မှတစ်ပါး.... ချစ်မြတ်နိုးစရာ အကောင်းဆုံး ချစ်သူအဆင့်ကို တက်နိုင်ဖို့အရေး အင်မတန်မှ ခက်ခဲ တွန့်ဆုတ်နေပုံရလေသည်။

ကဲ.... အဲ့ဒီတော့ ဘုံက ဘာလုပ်ရမလဲ။ မျှော်လင့်ခြင်းများ ကြီးစိုးနေသည့် ဘုံ့ရဲ့ အိမ်မက်ရှည်ကိုသာ ဘုံ ဆက်မက် နေရတော့မည် ပေါ့နော်။ သူ ဖွင့်မပြောလာသေးသရွေ့ ပေါ့။

ယောက်ျားတွေ ဟာ သူတို့ရဲ့ မျက်လုံး ညှို့ ညှို့ ကလေးတွေ နဲ့ မိန်းကလေးတွေ အရူးအမူး ဖြစ်အောင် ကယောက် ကယက် ဖြစ်အောင် ပြုစားဖန်ဆင်းနိုင်စွမ်းရှိပြီး မိန်းကလေးတွေ ရဲ့ မျက်လုံးတွေ ထဲမှာ သူတို့ အငိုက်မိ ရူးသွပ်သွားမှာ ကိုတော့ ဝန်လေးနေတတ်ကြသလားဟင်.... အခုလို တိတ်ဆိတ်လှပတဲ့ ညတစ်ညမှာ ဘုံဟာ ခေါင့် အကြောင်း စေ့စေ့စပ်စပ် တွေးတောနေမိသလို ခေါင်ကရော ဘုံ့အကြောင်း တွေး တောနေပါ့မလား။ အခုလောက်ဆို နှစ် ခြိုက်စွာ အိပ်မောကျနေလောက်ရောပေါ့နော်။

တကယ်တော့ “အချစ်” နဲ့ ပတ်သက်လာရင်.... မိုက်မဲစွာ ရူးနှမ်းစွာ အဆုံးရှုံး အနစ်နာခံတတ်ကြသူတွေ က.... ဘုံတို့ မိန်းကလေးတွေ ဖြစ်ပါလိမ့်မည် ။

*

စာအုပ်ဆိုင်တွင် ဘုံနှင့် ထစ်ချွန်း မမျှော်လင့်ဘဲ ဆုံတွေ့ကြရပြန်သည်။

တတိယအကြိမ် ပြန်ထုတ်သော ဆရာမ ကြီး ဂျာနယ်ကျော် မမလေးရဲ့ "မုန်း၍ မဟူ" စာအုပ်ကို ဘုံက ဆိုင်ရှင်လက်ထဲမှ လှမ်းအယူမှာ ကြားကနေ လက်တစ်ခုက ဖျတ်ခနဲဆွဲယူခြင်းကို ခံလိုက်ရသဖြင့် ဘုံ တအံ့တသြ နောက်လှည့်အကြည့်မှာ ထစ်ချွန်းကို တွေ့လိုက်ရသည်။

"ငါ.... မှာ ထားတာ"

သူက.... ခပ်တိုတို ပြတ်ပြတ် ပြောလိုက်သဖြင့် ဘုံ စိတ်ဆိုးသွားသည်။

"ဆိုင်ရှင် လှမ်းပေးတာ ငါ့ကို"

ဘုံကလည်းဆောင့်ဆောင့် အောင့်အောင့် တုံ့ပြန်လိုက်သည်။ သူက... နှုတ်ခမ်းတစ်ချက် ကော့တက်သွားအောင် မဲ့ပြပြီး....

"လောလောဆယ် စာအုပ်ရောက်နေတာက ငါ့ လက်ထဲမှာ .... "

ဘုံ နှုတ်ခမ်းကိုက်လိုက်ကာ သူ့လက်ထဲက စာအုပ်လေးကို နမြောတသ သလို လှမ်းကြည့်လိုက်သည်။ ဖန်ပေါင်းချောင် ကလေးထဲမှ နှင်းဆီပွင့်လေးတစ်ပွင့် ပွင့်ဖတ်ကြွေလေးကို အမြင်မှာ ဘုံ အထိတ်တလန့် ဖြစ်သွားလေသည်။ နှင်းဆီပွင့်ဖတ်တွေ ရဲရဲလှုပ်သွားအောင် သူ့ကို နှင်းဆီ ပါကင်ထုပ်ကြီးဖြင့် ဒေါသအမျက်ကြီးစွာ ရိုက်နက်ခဲ့သော အ ဖြစ်အပျက်ကို သူ မေ့မထားမှာ သေချာပါသည်။

"နေပါဦး.... နင်လို သရုပ်ပျက်က ဒီလို စာကောင်းပေမွန် ဖတ်လေ့ရှိလို့လား.... ငါ ဖတ်မလို့ သူကာမှ နင် တမင် အနိုင်ကျင့်လိုက်တာမှလား"

"သွားစမ်းပါ.... ဒီလို အကြံအစည်မျိုး က သိပ်ရိုးစင်းသွားပြီ.... မြယွန်းဘုံ နောက်ပြီး ငါ့ရဲ့ အပြင်ပန်းအဝတ်အစားနဲ့ ငါ့တန်ဘိုးကို နင် မဖြတ်နဲ့ ဒီလို ခေတ်ရှေ့ပြေးနေတဲ့ အင်္ကျီကိုဝတ်ထားပေမယ့် ဒီအင်္ကျီရဲ့ အောက်က ဟိုးအတွင် းပိုင်း နေရာမှာ နင့်ကိုချစ်တဲ့ နှလုံးသား တစ်ခုရှိတယ် ဆိုတာကို နင်ယုံစမ်းပါကွ"

သူက ပြောပြီး ပြုံး ပြလိုက်ပြန်သည်။ ဘုံ မျက်လုံးပြူး ပြီး စာအုပ်ဆိုင်ရဲ့

ဘေးဘီဝဲယာကို ပျာပျာသလဲ လှည့်ကြည့်လိုက်မိပြီးမှ....

"နင် အရှက်မရှိတိုင်း ပေါက်ကရတွေ ဒပြောမနေနဲ့နော်.... ငါ နင့်ကို ပါးရိုက်မိလိမ့်မယ်"

"ရိုက်ကြည့်ပါလား....နင် နောင်တရသွားစေရမယ်"

သူ့ မျက်နှာက မခဲမကျေသည့်ဟန် ပေါက်သွားသဖြင့် ဘုံ စိမ့်ခနဲ ဖြစ်သွားကာ သူ့ကို ကျောခိုင်းပစ်လိုက်သည်။

"ဦးလေး.... တခြားစာအုပ်တစ်အုပ် ပေးစမ်းပါ"

ဆိုင်ရှင်ကို ပြောလိုက်ပြီး ဘုံက ရှေ့သို့ ဝဲကျလာသော ဆံပင်တွေ ကို နားနောက်သို့ လက်ညှိုး ကလေးဖြင့် ထိုးသွင်းလိုက်သည်။

"ဂျာနယ်ကျော် မမလေးထဲကပဲ ဖတ်မှာ လား"

"ဟုတ်ကဲ့.... ဘုံ မဖတ်ရသေးတာ တစ်အုပ်လား ကျန်သေးတယ်"

"သူလိုလူ ရော"

"ဖတ်ပြီးပြီ ဦးလေး"

"ဒါဖြင့် ရင်နင့်အောင်မွေးရော"

"ပြီးပြီ"

"ဟေ ဒါဆိုဘာကျန်တာလဲ သွေးရော ပြီးပြီမို့လား"

ဘုံက ခေါင်းကလေး ဆတ်ပြလိုက်သည်။

"ဘုံ ဖတ်ပြီးတာက သူလဲ ပြီးပြီ"

"ကဲ ဒါဆို ကလေးမ စိတ်ကြိုက် ဝင်ရှာပေတော့ ညည်းဖတ်ပြီးသားတွေ ချည်းပါပဲဗျာ"

ဘုံက ဦးလေးနားသို့ ကိုယ်ကို ကိုင်း၍ ချဉ်းကပ်သွားလိုက်ပြီး လေသံ တိုးတိုးဖြင့် ....

"ဟို ကောင်လေးဆီက မုန်း၍ မဟူ ပြန်တောင်းပေးပါလား ဦးလေးရယ် ဘုံ ဖတ်ချင်လွန်းလို့ပါ"

ဦးလေးက ဘုံရဲ့ အနောက်ဘက်နားသို့ တစ်ချက် လှမ်းကြည့်လိုက်ကာ....

"ဟေ့ သူငယ်.... ကလေးမကို ဦးစားပေးလိုက် ပါလားကွယ်.... သူကလေးက ဂျာနယ်ကျော်မမလေးကို အသည်းစွဲကြိုက်တာ.... ရှိသမျှစာအုပ်တွေ လဲ သူဖတ်ထားတာ ကုန်ပြီ အဲ့ဒီ မုန်း၍ မဟူ ပဲ ကျန်တော့တာ"

"ကျွန်တော့် ကို သူက မုန်းနေတာဗျ... ကျွန်တော် ဘယ်ပေးချင်ပါ့မလဲ.... သူက ကျွန်တော့် ချစ်သူ ဆိုရင်တော့ တစ်မျိုး ပေါ့ ကျွန်တော် ဦးစားပေးမှာ ပေါ့"

"နင် ပြောပြန်ပြီလား ငါ စိတ်တိုလာပြီနော်"

ဘုံ အနောက်သို့ လှည့်ကာ ရန်စွယ်ငေါ်ငေါ် ပြောလိုက်သည်။ ဆိုင်ရှင် ဦးလေးက ရှုံ့မဲ့ကာ

"မင်းတို့ဟာကလည်း ရှုပ်နေတာပဲကွာ မင်းတို့နှစ် ယောက် တည်းနဲ့ ကပ်ရှုပ်နေတာပဲ"

"ဒီလိုလုပ်လေ ငါ ဖတ်ပြီးရင် နင့်ကို လာပေးပါ့မယ်"

ပြောပြီးပြီးချင်း.... သူက.... လှစ်ခနဲ ထွက်ပြေးသွားသည်။ ဘုံက....

"မလာနဲ့.... မလာနဲ့.... နင် ငါ့အိမ်ကို လာစရာမလိုဘူး.... "

ဟု လှမ်းအော်လိုက်သော်ငြားလည်း.... ဒင်းက လှည့်မကြည့်တော့ချေ။ ဘုံ့အိမ်ကို သူလာမှာ ဘုံ အလွန်ပဲ စိုးရိမ်သည်။ သူနှင့် ပတ်သက်လိုစိတ်လည်း မရှိ....။

စိတ်ပျက် လက်ပျက်ကြီးနှင့် .... ဘုံ တွေ့ကရာ မဂ္ဂဇင်း တစ်အုပ်သာ ဆွဲလာကာ

အိမ်ပြန်ခဲ့ပါသည်။

ဘယ်လိုအချိန်မျိုးမှာ .... သူဟာ တံခါးကို ဒုန်းခနဲ ခပ်ကြမ်းကြမ်းထုလျက်.... စာအုပ်လာပေးမလဲဆိုတာ ဘုံ ရင်တထိတ်ထိတ် စောင့်စားနေရတော့မည် ။ စိတ်ဆင်းရဲဖို့ ကောင်းလိုင်တာ.... ။

ဘုံ ထင်ထားသည့် အတိုင်းပဲ.... နောက်နေ့ ညနေမှာ အိမ်တံခါးကို ဒုန်းခနဲထုလျက် စာအုပ်လာပေးသွားခဲ့ပြီး စကား တစ်ခွန်းမှ မဆိုဘဲ.... သူ လှည့်ထွက်သွားလေတော့၏ ။

ဘုံ တံခါးကို ပြန်ပိတ်ပြီး.... စာအုပ်ကို စားပွဲပေါ်တင်ထားခဲ့ကာ.... မေမေနှင့် အတူ ညစာအတွက် ကူညီချက်ပြုတ်ပေးဖို့ မီးဖိုချောင်ထဲ ဝင်လာသော မချိန်မှာ ဖုန်းသံမြည် လာသည်။

"ဘုံ သွားကိုင်လိုက် ဒီမှာ မေမေ ဟင်းတွေ နယ်ထားလို့"

ဟု မေမေက လှမ်းပြောလိုက်သဖြင့် ဘုံ အိမ်ရှေ့သို့ ပြန်ပြေးပြီး ဖုန်းကောက်ကိုင်လိုက်သည်။

"ဟယ်လို.... မြယွန်းဘုံပါ"

"ဖုန်းမချနဲ့နော်.... ငါ ထစ်ချွန်းပါ"

ဘုံ မဲ့မဲ့ရွဲ့ရွဲ့ ဖြစ်သွားရလျက်... ဖုန်းကို ကမန်းကတန်း ချပစ်လိုက်သည်။ သို့သော .... နောက်တစ်ကြိမ် ထပ်မြည် လာပြန်တာမို့ ဘုံ ကောက်ကိုင်လိုက်ကာ....

"နင်.... ဘယ်တော့မှ ငါ့ဆီ ဖုန်းဆက်စရာ မလိုဘူး ထစ်ချွန်း.... နင့်ကို ငါ အကြီးအကျယ် မုန်းတယ်ဆိုတာ နင် သိတယ်မှလား"

"အေး.... သိတယ်.... သိပ်သိတယ် မြယွန်းဘုံ.... နင်က ငါ့ကို လွတ်လွတ်လပ်လပ် မုန်းနိုင်ခွင့် ရှိသလို.... ငါကလဲ နင့်ကို လွတ်လွတ်လပ်လပ် ချစ်နိုင်ခွင့် ရှိတယ်....ဒါ လူနှစ် ယောက် ရဲ့ အခွင့်အရေး ပဲ နင် မုန်း၍ မဟူ ဖတ်ပြီးရင်.... ငါ့ကို သတိရနေလိုက်စမ်းပါကွာ

အဲ့ဒီထဲက ဦးစောဟန်လို နင့်ကို အရမ်းချစ်ချင်နေတယ်.... နင်ကလည်း ဝေဝေလို အဆိပ်မဲ့တဲ့ မိန်းကလေး ဖြစ်အောင် နေစမ်းပါ.... ”

“လဲသေလိုက် အရူး”

ဘုံ....ပယ်ပယ်နယ်နယ် ကျိန်ဆဲလိုက်ပြီး ထစ်ချုန်းရဲ့ စကားကိုကြားရတိုင်း.... မယုံကြည်စိတ်နှင့် မုန်းတီးစိတ်တို့သည် ဘုံ့ နှလုံးသားထဲ ကြမ်းတမ်းစွာ ရိုက်ခတ်မြဲ ဖြစ်သည်။

ဘုံက သူ့ကို ဒီလောက်မုန်းနေတာ.... ပြီးတော့ သူ့ကို အကြိမ်ပေါင်းများ စွာ နာကျင်စေခဲ့ဘူးတာ.... သူကလည်း ဘုံ့ကို သူ့အကြောင်း ကောင်းကောင်းသိစေရမယ်.... တို့.... ဘယ်တော့မှ မမေ့ဘူး.... တို့ ဘုံ့ကို အမြဲ နောင်တရစေရမယ်.... တို့ စသဖြင့် တွေ ရေရွတ် ကြမ်းဝါးခဲ့ပြီး.... ဘုံ့အပေါ် အငြိုး အတေး ထားနေတာ။ ဒီလို လူနှစ် ယောက် အကြားမှာ “အချစ်” ဆိုတဲ့ အရာဟာ ဧည့်သည်အ ဖြစ်တောင် ဝင်ရောက်လာနိုင်မှာ မဟုတ်.... ဒါ သေချာသည်။

“ဟဲ့.... ဘုံ.... သမီး ဖုန်းပလတ်ကို ဘာလို့ ဖြုတ်ထားလိုက်ရတာ တုန်း.... တော် ကြာ ဖေဖေ ဖုန်းဆက်နေရင် ခက်နေဦးမယ်.... ပြန်တပ်ထားလိုက်လေ.... ဒီနေ့ ဖေဖေ အိမ်ပြန်နောက်ကျမလား မသိဘူး နောက်ကျရင် သူ လှမ်းဆက်နေကျ ဥစ္စာ”

မေမေက ဟင်းခပ်ဇွန်းကြီးကိုင်လျက်.... အိမ်ရှေ့ထွက်အလာမှာ ဘုံ့လုပ်ရပ်ကိုမြင်သွားပြီး တဖျစ်တောက်တောက် ပြောနေသည်မို့ ဘုံ သက်ပြင်းတစ်ချက် ချလိုက်မိကာ ဖုန်းပလတ်ကို ပြန်တပ်လိုက်သည်။

“မေမေက ဇွန်းကြီး ကိုင်ပြီး အမ်ရှေ့ထွက်လာပြန်ပြီ ဘုံ့ကို ဟင်းမြည် းခိုင်းဦးမလို့မှလား.... ကဲ.... ပေး ပေး”

ဘုံက ဇွန်းကို ယူကာ မြည် းလိုက်ပြီး....

“ဆားနည်းနည်း ပေါ့နေတယ် မေ့.... ”

“ထင်တယ်... သမီး အဲ့လို ပြောလိမ့်မယ်လို့ မေကြီးထင်တယ် ကဲ ဆားနည်းနည်း

ထပ်ထည့်ဦးမှာ.... မေမေ့ကို ငါးပိရည် ဖျော်ဖို့ ငရုတ်သီးစိမ်းရယ် ကြက်သွန်ဖြူရယ် ပုစွန်ခြောက်ရယ် လာထောင်းပေးဦး စောစောက ဖုန်းဆက်တာ ဘယ်သူတုံး”

မေမေက မီးဖိုချောင်ထဲ ပြန်ဝင်သွားရင်း စကားကို အမျှင်တန်းအောင် ဆက်ပြောသွားသည်။

“ဘုံ့ မိတ်ဆွေ တစ်ယောက် ပါ မေကြီးရဲ့ ဘုံ ငရုတ်သီး ထောင်းပေးဖို့ လာပြီ”

ပြောပြောဆိုဆို.... မေမေ့ နောက်မှ လိုက်ပြေးလာစဉ် ခြေလှမ်း ငါးလှမ်းမျှပင် မပြည့်သေး ဖုန်းမြည် သံ လာပြန်တာမို့ ဘုံ တီးတိုးရေရွတ် ကျိန်ဆဲလိုက်မိလေသည်။

ဘုံ ဖုန်းကို ကောက်ကိုင်လိုက်ရပြန်ကာ....

“ဟယ်လို”

ခပ်ဆောင့်ဆောင့် ထူးလိုက်တော့.... ခပ်တိုးတိုးရယ်သံ ကြားရပြီ....

“ငါ့ အလိုဆန္ဒ မပြည့်မချင်း ငါ ကတော့ ရွှဲကြီးနေရဦးမှာ ပဲကွ မြယွန်းဘုံရဲ့ ”

“နင် လိုရင်း တိရှင်း ပြောစမ်း ဒီလောကမှာ လူ တစ်ယောက် ကို ပုရွက်ဆိတ်ကလေး တစ်ကောင်လို ဖိညှစ် သတ်ပစ်လို့ ရတယ်ဆိုရင် နင့်ကို အရင်ဆုံး ငါ သတ်မိလိမ့်မယ် သိလား ထစ်ချုန်း.... ”

“သိပ်သိတာပေါ့ ငါကလဲ ဒီလောကမှာ မိန်းကလေး တစ်ယောက် ကို လက်စွပ်လေး တစ်ကွင်းလို စိတ်တိုင်းကျ ဝတ်လို့ရမယ်ဆိုရင် နင့်ကို ငါ့လက်မှာ ကွင်းဝတ်ထားမယ် သိလား မြယွန်းဘုံ တစ်သက်လုံးပေါ့ ဒါမှမဟုတ် နှင်းဆီပွင့်လေး တစ်ပွင့်လို လွယ်လွယ်ခူးလို့ ရမယ်ဆိုရင်လဲ ဖန်ပေါင်းချောင်လေးနဲ့အုပ်”

“တော် စမ်း.... ဆက်မရှည်နဲ့ ငါ့ သူငယ်ချင်းတွေ နဲ့ အလောင်းအစား တစ်ခု အကြီးအကျယ် လုပ်ထားတယ် မြယွန်းဘုံ အဲ့ဒါ ဘာလဲသိလား”

“မသိဘူး.... မသိဘူး”

ဘုံ ဗလုံးဗထွေး အော်လိုက်သည်။ စိတ်တိုလွန်းလှပြီမို့ ဘုံ့ အသက်ရှူသံ ပြင်းလာသည်။

"အဲ့ဒီ အလောင်းအစားက မြယွန်းဘုံကို ရအောင်ယူပြနိုင် မပြနိုင်ဆိုတာပေါ့ နင့်ကို ငါ အရမ်းချစ်.... "

"ဘာ.... "

ဘုံ့ ခေါင်းထဲ ဒိန်းခနဲ တက်ဆောင့်သွားကာ.... ပြာဝေဝေ မူးမိုက်သွားလေသည်။ သူ့ရဲ့ တဟက်ဟက် ရယ်သံက ခါးသီးလှစွာ ....

"နင်.... ဘာသဘောနဲ့ ဒီစကားတွေ ငါ့ကို လာပြောနေရတာ လဲ ဟင်.... ထစ်ချုန်း... နင့်ကိုငါ ဘယ်လောက်မုန်းသလဲဆိုတာ..."

တစ်ဘက်မှ ဂျလောက်ဆိုးသော အသံကို ကြားလိုက်ရသော အခါ ဘုံ့ စိုးရိမ်စိတ်တွေ အထထွန် အထိပ်သို့ ရောက်သွားရလေသည်။ ဘုံ့နှာခေါင်းကလေး တလှုပ်လှုပ် ဖြစ်လာကာ မျက်လုံးများ မှာ ပူကျိန်းရှတသော ဝေဒနာကို စတင် ခံစားရပြီး ပူပြင်းသော မျက်ရည်စီးကြောင်းများ ဘုံ့ ပါးပြင်တစ်လျှောက် လျှောကျလိမ့်ဆင်းလာသည်။

ဘုံဟာ ခြိမ်းခြောက်ခံလိုက်ရတာ လား ဒါမှ မဟုတ် အစော်ကားခံလိုက်ရတာ လား မဝေခွဲနိုင်တော့ပါ....။

ဘုံဟာ အလောင်းအစားခံ အရာတစ်ခုမှ မဟုတ်တာ။ သူ ဘာ ဖြစ်လို့ အဲ့ဒီလို ပြောင်ကျကျ ခြိမ်းခြောက်ရဲရတာ လဲ ဒါဟာ ဘုံ့စိတ်ကို တနည်းနည်း နဲ့ ညှင်းပန်းနှိပ်စက်ခဲ့တာ။

ဘုံ ဘာလုပ်ရမလဲ ဘုံ သူ့ကို ထိုင် ရှိခိုးတောင်းပန်ရမလား။ ဒါမှမဟုတ် ဓားဖြင့် တစွတ်စွတ်မြည် အောင် ထိုးသတ်ပစ်ရမလား။ ဒါ သွေးပျက်စရာကောင်းတဲ့ အ ဖြစ်အပျက်ပဲ ဘုံ့ကို သူဒီလို ဖွင့်ပြောတာကိုက ဘုံ တထိတ်ထိတ် ရင်တမမ ဖြစ်နေစေအောင် သူ ပြုစားလိုက်တာပဲ။

ဖေဖေနှင့် မေမေ့ကို ဖွင့်ပြော တိုင်တန်းလိုက်ရမလား။ ဒါဟာ ယောက်ျားလေး တစ်ယောက် ရဲ့ ခြိမ်းခြောက်မှု လေ ။ အို မ ဖြစ်နိုင်သေးပါဘူး။ ဘုံ့ဘက်က တင်းမာထားသရွေ့ သူဘုံ့ကို ဘယ်လိုလုပ်ပြီး ရအောင်ယူနိုင်မှာ လဲ အလကား သိပ်မိုက်မဲတဲ့ အလောင်းအစားတစ်ခု....။

ဒါမှမဟုတ် ဘုံ စိတ်အနှောင့်အယှက် ဖြစ်အောင် သူ တမင်သက်သက် နှုတ်ဆော့လုက်တာလည်း ဖြစ်နိုင်တာပဲနော်လ ....။ တကယ်တမ်း သူဟာ အဲဒီ အလောင်းအစားကို လုပ်ထားတယ်ဆိုရင် ဘုံ သိအောင် ဘယ်ဖွင့်ပြောပမလဲ လျှို့ ဝှက်ထားပြီး သူ့အကြံအစည် အထမြောက်အောင် ဘုံ့ကို သိမ်းသွင်း ဖြားယောင်းဖို့ ကြိုး စားမှာ ပေါ့။ ဟုတ်တယ် ဟုတ်တယ် ဒါဟာ မ ဖြစ်နိုင်တဲ့ ပြဿ နာပဲ ဖေဖေနဲ့ မေမေ့ကို ဖွင့်ပြောလိုက်မှ သူတို့မှာ စိုးရိမ်စိတ်တွေ ကြီးထွားပြီး ပိုရှုပ်ကုန်မှာ ကို ဘုံ စိုးရိမ်သည်။ ဒါကြောင့် ဘုံ မေမေတို့ကို ဖွင့်ပြောမည့် စိတ်ကူးကို အပြီးဖယ်ထုတ် ပစ်လိုက်လေသည်။

မိန်းကလေး တစ်ယောက် အဖို့ ဒီလို ခြိမ်းခြောက်ခံရတယ်ဆိုတာ.... သိပ်ရှက်စရာ ဒေါသထွက် ခံပြင်းစရာ.... တုန်လှုပ်ချောက်ချားစရာ ကောင်းတဲ့ အ ဖြစ်အပျက်မို့.... မိဘတွေ ကို ဘုံ ထိုဝေဒနာများ မပေးစေချင်....။

ဒါဆို.... ဘုံ ဘယ်သူ့ကို တိုင်ပင်ရမလဲ.... ဘုံ.... သွေးလန့် ချောက်ချားနေတာ ကတော့ အမှန်ပဲ ဖြစ်သည်။ တစ်ကိုယ်လုံးမှ သွေးများ အစုပ်ခံလိုက်ရသလို... အားအင်ချည့်နဲ့ ဖျော့တော့လျက်... နံရံထောင့်မှာ ခေါင်းငိုင်စိုက်ချ ထိုင်နေမိသော ဘုံ့အ ဖြစ်ကို တစ်ယောက် ယောက် မြင်လျှင်.... ဘုံ အသက်ကင်းမဲ့ နေပြီလား... လို့တောင် ထင်လိမ့်မည် ။

ခေါင်.... စိမ့်.... ငွေစင် စသော လူများ ကိုလည်း ဘုံ ဖွင့်မပြောရက်.... ဘုံ့အတွက် သူတို့ အရမ်းစိုးရိမ် စိတ်ပူသွားကြမှာ .... သော ကတွေ တနင့်တပိုး ဖြစ်သွားမှာ ကို ဘုံ မလိုလား။ ဒီတော့.... ဘုံ တစ်ယောက် တည်း ကြိတ်မှိတ်လိမ့်ပိမ့် ခံပေတော့ပေါ့....။

ဘုံ.... မျက်နှာပြင် တစ်ခုလုံးကို လက်ချောင်းတွေ ဖြင့် တအား ဖိညှပ်ထားလိုက်သည်။ ခေါင်းတွေ မူးနောက်လာကာ.... နားထင်စပ်မှ တဒိန်းဒိန်း

သွေးတိုးလာသည်။

အား.... ဘုံ ကြောက်တယ်.... ထစ်ချုန်းကို ဘုံ သိပ် ကြောက်တယ်....။

“ဟဲ့.... သမီး ဘုံ.... အဲ့ဒီမှာ ဘာထိုင်လုပ်နေတာလဲ.... ရေတိုသီးလာထောင်းဖို့ ဟင် မေမေ့ သမီးလေး ဘာ ဖြစ်နေတာလဲ.... နေမှကောင်းရဲ့ လား.... မျက်နှာတွေ လဲ ဖြူဖပ်ဖြူရော် ဖြစ်လို့။

အိမ်ရှေ့သို့ ဒုတိယအကြိမ် ထွက်လာသော မေမေက.... ဘုံ့ကို မြင်သွားပြီး စိုးရိမ်တကြီး ပွေ့ဖက်လိုက်လေသည်။

ဘုံ မေမေ့ကို တင်းကျပ်စွာ ပြန်ဖက်ပြီး တိတ်တဆိတ် ငိုလိုက်မိသည်။ စိတ်ထဲမှာ ရင်ထဲမှာ ဘုံ ငိုကြွေး၍ မဆုံးနိုင်။

*